မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၈၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂျပန်ဧကရာဇ်ဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၀၉ခုနှစ် ဒီဇင်ဘာ၂၃ရက်တွင်ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂျပန်ဧကရာဇ်ဘုရင် အကီဟီတိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာယူခီအိုဟာတိုယာမထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ ၃နာရီခွဲတွင် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hiroyuki ISHIGE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hiroyuki ISHIGE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို အကျိုးဖြစ်ထွန်းစေသည့် ကန့်ဘလူမြို့နယ်ရှိ လင်ပန်းရေလှောင်တမံ

နေပြည်တော် ဒီဇင်ဘာ ၂၂

နိုင်ငံတော်အစိုးရသည် နယ်မြေဒေသများ အစဉ်စိမ်းလန်းစိုပြည်ရေး၊ ဒေသခံပြည်သူတို့အတွက် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးကို တိုးချဲ့လုပ်ဆောင်သွားနိုင်ရေးနှင့် ဒေသတွင်းသောက်သုံးရေ ဖူလုံစွာရရှိရေးတို့ကို ရှေးရှုပြီး ဆည်မြောင်း၊ တာတမံနှင့် ကန်များကို နိုင်ငံတစ်ဝန်း တိုးချဲ့ဖော်ဆောင်ပေးခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

သတင်းမှတ်စု - တင်မာဝင်းနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၃ရက်)

ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားပြည်သူများ လက်တွဲကြိုးပမ်းစွမ်းဆောင်

တိုင်းရင်းသားပြည်သူများ၏ အခြေခံလိုအပ်ချက်သည် စား၊ ဝတ်၊ နေရေး ပြည့်စုံရန်ဖြစ်သည်။ စားဝတ်နေရေးအတွက် လိုအပ်သော အဓိကကုန်ကြမ်းပစ္စည်းများကို စိုက်ပျိုးရေးထွက်ကုန်များမှ ရရှိသည်။ ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

၁၉၈၈ခုနှစ်တွင် အသားတင်စိုက်ပျိုးမြေဧက ၁၉ဒသမ၉သန်းသာရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်၌ ၂၉ဒသမ ၃၂သန်းအထိ တိုးတက်စိုက်ပျိုးလာခဲ့သည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကလိုအပ်သော ရေရရှိရေးအတွက် နိုင်ငံတော်က ရေလှောင်တမံစီမံကိန်းပေါင်း ၂၂၈ခု၊ မြစ်ရေတင်စီမံကိန်းပေါင်း ၃၂၂ခု၊ မြေအောက်ရေရရှိရေးလုပ်ငန်းအဖြစ် ရေတွင်းပေါင်း ၇၉၆၂တွင်းကိုသာမက ဆည်ငယ်၊ ကန်ငယ်များကိုလည်း ပြုပြင်တည်ဆောက်ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်မှ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ပေးမှုကြောင့် စိုက်ပျိုးမြေ ဧကပေါင်း ၃ဒသမ၆သန်းကျော် ရေသွင်းစိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံစိုက်ဧကစွမ်းအားသည် ၁၂၀ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၁၇၁ ဒသမ ၁ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ စုစုပေါင်းစိုက်ဧကသည် ၁၉၈၈ခုနှစ်တွင် ၂၃ဒသမ ၈သန်းရှိခဲ့ရာက ၂၀၀၈-၂၀၀၉ခုနှစ်တွင် စိုက်ဧက ၅၆ ဒသမ ၉သန်း အထိ တိုးတက်လာခဲ့သည်။

ဆန်သည်နိုင်ငံသားများ၏ အဓိကစားသုံးသီးနှံဖြစ်ရာ တိုးပွားလာသည့်လူဦးရေကို မျှော်မှန်းပြီး စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၈၈ခုနှစ်တွင် စပါးတင်းပေါင်း ၆၃၁သန်းသာ ထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်၌ တင်းပေါင်း ၁၅၆၁သန်း ထုတ်လုပ်နိုင်ခဲ့သည်။

စပါးမျိုးသစ်များ သုတေသနပြုထုတ်လုပ်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်စိုက်ပျိုးခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းခြင်း၊ ရေသောက်စနစ် တိုးချဲ့တည်ဆောက်ခြင်းတို့ဖြင့် စပါးတင်းသန်း ၂၀၀၀ထွက်ရှိရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးပြည့်စုံရန် ဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ တိုင်းရင်းသားပြည်သူများကလည်း နိုင်ငံ့စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်နှင့်အတူ လက်တွဲကြိုးပမ်း စွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မင်းလှမြို့နယ် ပေတောရွာနှင့် မလွန်ရွာအကြား တွင် သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြံခင်း-ပခုက္ကူ ရထားလမ်း သရက်-မင်းလှအပိုင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒီဇင်ဘာ ၁၉ရက် နံနက်ပိုင်းတွင် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း သရက်-ပွင့်ဖြူလမ်းပိုင်းရှိ သရက်-မင်းလှအပိုင်း၌ သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်တင်းခြင်း၊ ဘူတာရုံများ တည်ဆောက်မှုနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မင်းလှမြို့ရှိ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း သရက်-ပွင့်ဖြူလမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာနှင့် အထွေထွေမန်နေဂျာ(မြို့ပြ)တို့က ရထားလမ်းလုပ်ငန်းနှင့် ဘူတာရုံတည်ဆောက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး တံတားအထူးအဖွဲ့ စီမံကိန်းအင်ဂျင်နီယာက သရက်နှင့် မင်းလှအကြားရှိ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် မင်းလှမြို့အနီး၌ မင်းလှဘူတာ တည်ဆောက်နေမှု၊ မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအနီး၌ ၁၇၂ပေ အရှည် ပန်းတော်ပြင် တံတားတည်ဆောက်နေမှု၊ မင်းလှမြို့နယ် ပေတောရွာနှင့် မလွန်ရွာအကြား၌ သံလမ်းခင်းခြင်းလုပ်ငန်း၊ ဇလီဖားတပ်ဆင်ခြင်းလုပ်ငန်း၊ ကျောက်ဖြည့်ခြင်းနှင့် ပါကင်ရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သံလမ်းလုပ်သားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဆင်ပေါင်ဝဲမြို့နယ် အင်းမရွာနှင့် ဖောင်ချမ်းတောင်ရွာကြားရှိ ၃၄၅ပေ အရှည် ကညောင်ချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ သံကူကွန်ကရစ် ရက်မများဖြင့် တံတားပေါင်ကွန်ကရစ်လောင်းခြင်း၊ ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သရက်မြို့နယ် ရွာသစ်ကြီးရွာနှင့် ဆင်ပေါင်ဝဲမြို့နယ် ရွှေမောင်းစွန်းရွာ အကြားတွင် သံလမ်းလုပ်သားများ သံလမ်းခင်းခြင်းနှင့် ကျောက်ဖြည့်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကိုလှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် သရက်မြို့နယ် ရွာသစ်ကြီးဘူတာနှင့် သာဝတ္ထိဘူတာကြား၌ ခေါင်းဖောင်းချောင်း တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သရက်မြို့ရှိ သရက်ဘူတာရုံ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြိုးပမ်းဆောင်ရွက်

အဆိုပါ ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း သရက်-ပွင့်ဖြူလမ်းပိုင်းရှိ သရက်-မင်းလှအပိုင်း ၅၄မိုင်ကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်+ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ကိုယ်သာနာ၍ စိတ်မနာစေနှင့် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၅)
- ၈:၃၀ Sports World (Max Power)
- ၈:၅၅ University နှင့်တူသော University
- ၉:၀၅ ဖျာပုံမြို့ဂုဏ်ဆောင် မင်းကျောင်းတော်
- ၉:၂၅ အားကစားမြင်ကွင်းစုံ
- ၁၀:၀၀ Activities in the City (နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပျော်ပွဲရွှင်ပွဲ)
- ၁၀:၂၀ Industrial Talk
- ၁၀:၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ အကော်ဒီယံအုန်းကျော် (အပိုင်း-၁)
- ၁၁:၃၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (CINDERELLA)
- ၁၁:၄၀ စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
- ၁၁:၅၅ ဗီဒီယိုပြခန်း
- ၁၂:၁၅ အဝိဇ္ဇာအမှားသိမှ ဝိဇ္ဇာအမှန်သိကြောင်း
- ၁:၀၀ **ကိုယ်သာနာ၍ စိတ်မနာစေနှင့် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (ဖိုက်တင်ချတာကောင်းတယ်၊ ဖိုက်တင်မချတာကောင်းတယ်)
- ၃:၃၅ ကျန်းမာပျော်ရွှင် ဘဝတစ်ခွင်
- ၃:၄၀ Activities in the City (နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပျော်ပွဲရွှင်ပွဲ)
- ၄:၀၀ တေးဂီတအစီအစဉ်
- ၄:၁၅ University နှင့်တူသော University
- ၄:၂၅ MRTV -4 ကျန်းမာရေးကဏ္ဍ (လိပ်ခေါင်းရောဂါ ကင်းဝေးရာ သိဖွယ်နည်းလမ်းများ)(အပိုင်း-၃)
- ၅:၀၅ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
- ၅:၂၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (CINDERELLA)
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အဆိုတော်အိမ့်ချစ်၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
- ၆:၄၅ ဗီဒီယိုပြခန်း
- ၇:၀၅ စားချင်စဖွယ်နည်းအသွယ်သွယ် (သနပ်စုံသုပ်ပြုလုပ်နည်း)
- ၇:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ အကော်ဒီယံအုန်းကျော်(အပိုင်း-၁)
- ၈:၀၀ MRTV-4 သတင်း
- ၈:၄၀ စကားနပန်း (ဖိုက်တင်ချတာကောင်းတယ်၊ ဖိုက်တင်မချတာကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၅)
- ၁၀:၀၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အဆိုတော်အိမ့်ချစ်၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
- ၁၀:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၄၅ Industrial Talk
- ၁၁:၁၅ သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
- ၁၁:၂၅ စွမ်းရည်မြင့်မား လယ်ယာ (၁၆) လက်တွန်းထွန်စက် တာယာများ
- ၁၁:၅၅ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

ဒီဇင်ဘာအားကစားလ ခြင်းလုံးခတ်ပြိုင်ပွဲ နေပြည်တော် တပ်ကုန်း၌ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

နေပြည်တော် တပ်ကုန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ကြီးကြပ်မှု၊ ဘုရင့်နောင်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ခြင်းအလှခတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ရက် မွန်းတည့် ၁၂နာရီက ဇော်ရဲဦးကွင်းပြင်၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးအရာရှိ ဦးခင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အားကစားနှင့် ကာယပညာ အကျိုးဆောင် ဒေါက်တာဝင်းလတ်၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြိုင်ပွဲမစတင်မီ မန္တလေးတိုင်းလက်ရွေးစင် အောင်စိုးမိုးက ပြိုင်ပွဲခတ်ခြင်းပေါက်နှင့် အခြားခေတ်ဆန်းခြင်းပေါက်များဖြင့် ဧည့်ခံသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ အမှတ်ခတ်ပြိုင်ပွဲ အမျိုးအစားအလိုက် ပထမရရှိသော မန္တလာဖြိုးအသင်းနှင့် ဒုတိယဆုရရှိသော ကောင်းဝေအသင်းတို့အား ဘုရင့်နောင်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ ***(မြို့နယ် အား/ကာ)***

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးနှင့်အဖွဲ့ ဒီဇင်ဘာ ၁၅ရက်က အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော မြို့ပြနှင့် ကျေးလက်ကတ္တရာ ထပ်ပိုးလွှာလမ်းများ၊ မြို့ရေပေးရေး ရေစင်နှင့် ရေစက်ပြုပြင်ခြင်းလုပ်ငန်းများ၊ ကျေးလက် စက်ရေတွင်းနှင့် တုံကင်ရေတွင်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုပင်ဟေဂင် ရာသီဥတုညီလာခံတက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ဒီဇင်ဘာ ၁၆ရက်မှ ၁၈ရက်အထိ ကျင်းပသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာညီလာခံ အဆင့်မြင့်စုံညီ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဒီဇင်ဘာ ၁၉ရက်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

အလေးထားဆွေးနွေး

အဆိုပါ အဆင့်မြင့်စုံညီ အစည်းအဝေးတွင် ကျိုတိုခြေပြစာချုပ် အဖွဲ့ဝင်များ စည်းဝေးကြသည့် ပဉ္စမအကြိမ် အဖွဲ့ညီလာခံ၏ အစည်းအဝေးနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ အစည်းအဝေး၏ ရလဒ်များပေါ်၌ အလေးထားဆွေးနွေးခဲ့ကြသည်။ ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဒီဇင်ဘာ ၁၇ရက် ညနေပိုင်းတွင် ညီလာခံမိန့်ခွန်း ပြောကြားခဲ့သည်။

(အောက်ယာပုံ)

တွေ့ဆုံ

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းသည် ဒီဇင်ဘာ ၁၇ရက် မွန်းလွဲ ၁နာရီခွဲတွင် ဥရောပသမဂ္ဂ (အီးယူအဖွဲ့) အလှည့်ကျဥက္ကဋ္ဌ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Carl Bildt နှင့် ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီး H.E.Dr. Per Stig Moller တို့နှင့် ကိုပင်ဟေဂင်မြို့ရှိ ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံပြီး အီးယူအဖွဲ့နှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်နှင့် ဝန်ကြီးရုံးမှ ဌာနစုမှူး(၂) ဦးထင်လင်းမောင်တို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဒီဇင်ဘာ ၂၂ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hiroyuki ISHIGE အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

ထူးထူးခြားခြား စံပြုအပ်သော ပုဂ္ဂိုလ်များ စာအုပ်ထုတ်ဝေ

နေပြည်တော် ဒီဇင်ဘာ ၂၂

ထူးထူးခြားခြားစံပြုအပ်သော ပုဂ္ဂိုလ်များ စာအုပ်ကို ရန်ကုန်မြို့ အမှတ် ၁၉၄၊ ၂၉လမ်း မြတ်ပန်းရဂုံစာပေ ဖုန်း ၀၉-၅၀-၁၃၉၄၅၀က ထုတ်ဝေလိုက်ကြောင်း သိရသည်။

(အောက်ပုံ)



သူတော်ကောင်း စိတ်မွေးရာ၊ နှိမ့်ချမှုအရာ၊ ရုတင်ဆောင်ရာ စသည်တို့တွင် စံပြုလောက်သည့် ပုဂ္ဂိုလ်ထူး ၁၈ဦးတို့ အကြောင်းကို အားကျဖွယ်၊ ကြည်ညိုဖွယ်ဖြစ်စေရန် လွယ်ကူရှင်းလင်းသည့် မြန်မာစာ အရေးအသားဖြင့် ဖော်ညွှန်းထားသည်။ တစ်အုပ်လက်လီဈေး ကျပ် သုံးရာဖြစ်ပြီး မောင်ဆန္ဒ (လယ်ဝေး)၏ ကံသုံးပါး ဆင်ခြင်ဖွယ် ဇာတ်ဝတ္ထုများနှင့် မြတ်ဗုဒ္ဓ၏ သောကငြိမ်းအေး တရားပုံရိပ်များ စာအုပ်တို့ကိုလည်း လက်လီ ကျပ်သုံးရာဖြင့် မြတ်ပန်းရဂုံစာပေက ဆက်လက်ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ *(သတင်းစဉ်)*

မွေးမြူရေးဆေးဝါး၊ အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

မန္တလေး ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်း)နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မန္တလေးတိုင်းတို့မှ ပူးပေါင်း ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်း)၏ စတုတ္ထအကြိမ် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားနှင့် တကွ မွေးမြူရေး ဆေးဝါးကုမ္ပဏီများမှ ဆေးဝါးပစ္စည်း ပြသခြင်း၊ အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲ၊ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းကို ဒီဇင်ဘာ ၂၄ရက်နှင့် ၂၅ရက်တို့တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်း ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားထား

အခမ်းအနားသို့ ပြည်တွင်း ပြည်ပမွေးမြူရေးဆေးဝါးကုမ္ပဏီ ၂၉ခုတို့မှ ဆေးဝါးနှင့် ဆေးပစ္စည်းများကို ပြသခြင်း၊ အိမ်မွေးတိရစ္ဆာန် ပြပွဲပြိုင်ပွဲနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းများကို နှစ်ရက်တိုင်တိုင် ကျင်းပသွားမည် ဖြစ်သည်။ အခမ်းအနားသို့ မန္တလေးတိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ မွေးမြူရေးနှင့် ဆေးကုသရေး ပညာရှင်များ၊ ကိုယ်တိုင်မွေးမြူရေးဆောင်ရွက်နေသူများ၊ မွေးမြူရေးလုပ်ငန်းနှင့်ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပါရန် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်း)နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းတို့မှ ဖိတ်ကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

သာသာ ယာယာ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဒီဇင်ဘာ ၂၃ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာခြင်း

နေပြည်တော် ဒီဇင်ဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း အများပြည်သူသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည် -

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန
၁။	အဖောချ ဆီးဆေး သမားတော်ကြီးဆရာဦးမြ	ရုံ(၁)၊ အခန်း(၄၉/၅၁)၊ ဗဟိုဈေး၊ ကျောက်မဲမြို့။
၂။	ခိုအမှတ်တံဆိပ်နှလုံးအားတိုးဆေး	ဦးဇော်အောင်၊ ခိုဆေးတိုက်၊အမှတ် ၅၉၊ ကချင်စု၊ မြစ်ကြီးနားမြို့။
၃။	အာယုဒီဃ သြသဓ(ဇော်ဂျီပုံတံဆိပ်)	ဒေါ်နန်းငွေ၊ ဈေးအတွင်း၊ သီပေါမြို့။
၄။	ဝေါမုတ္တ ကြက်ညှာကျ ဗဟုံးဆေး	(၆)ရပ်ကွက်၊ ပြင်ဦးလွင်။
၅။	ဒေါ်ရွှေသွေးဆေး ရွှေဟင်္သာအမှတ်တံဆိပ် အစားမှားဆေးကြီး	ရွှေဟင်္သာဆေးတိုက်၊ ၁၃၂၊ သြဘာလမ်း၊ မြို့လယ်ရပ်၊ သီပေါမြို့။ ရွှေသြဇာရတနာရွှေဆိုင်၊ (၇၁)၊ နှင်းဆီလမ်း၊ ဈေးအရှေ့ဘက်၊ သီပေါမြို့။
၆။	နန်းတွင်းသိင်္ဂီသက်စောင့်ဆေးကြီး	မူပိုင်ရှင်ဌာန၊ ဆရာဆံချယ်အဘိဓမ္မာဆေးဆိုင်၊ ဈေးအတွင်း၊ ကျောက်မဲမြို့။
၇။	ဘွမ်ဘာရိုင် မီးယပ်သွေးလေဆေးမှုန့်	ဘွမ်ဘာရိုင်ဆေးဆိုင်၊ မြို့မ(၆၇)၊ မြစ်ကြီးနား။
၈။	သဇင်ဥ သွေးဆေး	အာယုသုခ ပရဆေးဆိုင်၊ ဒေါ်နန်းငွေ၊(သား)စိုင်းပန်ဖ၊ ဈေးအတွင်း၊ သီပေါမြို့။
၉။	ဆင်လင်းအောင် အဖြေကျော်ဆေး	ပင်ရင်း-ဆင်လင်းအောင်ဆေးတိုက်၊ ရပ်ကွက်(၅)၊ တန့်ယန်း မြို့၊ ဖြန့်ချိရေး ကိုအောင်ခင်-မခင်တီတီ၊ ဆိုင်အမှတ်(၃၅)၊ (E) သဇင်ရုံ၊ မြေညီထပ်၊ ဈေးချို၊ မန္တလေး။
၁၀။	ဥဒေါင်းမင်းတံဆိပ် အဖျားအမျိုးမျိုးနှင့် ငှက်ဖျားအမြစ်ဖြတ်ဆေးကြီး	ပင်ရင်း-မ-၀၃၆၊ (၁)ရပ်ကွက်၊ သိန်းနီမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။
၁၁။	အကြောဘုရင်ဆာဒူးကြီး ပန်းသေပန်းညှိုးပျောက် အကြောသန် လိမ်းဆေးဆီ	ဖြန့်ချိရေး အမှတ်(၉၃)၊ မြေညီထပ်၊ သိမ်ဖြူကွင်းအနီး၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
၁၂။	ဆာဒူးကြီး ကျား/မ စွယ်စုံရ အကြောသန် အားတိုးဆေးမှုန့်	ဖြန့်ချိရေး အမှတ်(၉၃)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်မြို့။
၁၃။	ဆာဒူးကြီး	ဖြန့်ချိကုသရေး၊ (၂၈၂)၊ ဆာဒူး၊ ရွှေဘုံသာအလယ်လမ်း၊
၁၄။	ဆေးမြစ်ပေါင်း ဒဏ်ကျေလိမ်းဆေးအဆီ ဆေးဘုရင်ဆာဒူးကြီး အကြောပေါင်းတစ်ထောင် ကျားဟော်မုန်းအထူးရှယ်အကြောသန် သုက်ထိန်းဆေး	၁၁၆၊ ရွှေဘုံသာ(အထက်လမ်း)၊ ရန်ကုန် လိပ်စာမပါ။

အများပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူ သုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးဖြန့်ဖြူးသည့် လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

တရုတ်နိုင်ငံ ရှန်စီပြည်နယ်၌ အသက် ၇၂နှစ်အရွယ် အမျိုးသားတစ်ဦး ပြုလုပ်ထားသည့် အနုပညာလက်ရာမြောက်ရုပ်တုများကို ဒီဇင်ဘာ ၂၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ကမ္ဘာ့လေကြောင်း သယ်ယူပို့ဆောင်ရေး ယခုနှစ် ၃ဒသမ၁ရာခိုင်နှုန်း ကျဆင်းသွား

ဗီယင်နာ ဒီဇင်ဘာ ၂၂

ကမ္ဘာ့လေကြောင်း သယ်ယူပို့ဆောင်ရေးသည် ယခုနှစ်တွင် ၃ဒသမ၁ရာခိုင်နှုန်းကျဆင်းသွားကြောင်း နိုင်ငံတကာမြို့ပြလေကြောင်းအဖွဲ့ (အိုင်စီအေအို)က မကြာမီကထုတ်ပြန်သည့် စာရင်းဇယားများတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ ကျဆင်းသွားရခြင်းသည် ကမ္ဘာ့ငွေကြေး အကျပ်အတည်းကြောင့် ဖြစ်ကြောင်း၊ လေကြောင်းသမိုင်းတွင် အကြီးမားဆုံး ကျဆင်းခြင်းလည်းဖြစ်ကြောင်း သိရသည်။

ကျဆင်း

ထိုကျဆင်းသည့် ကိန်းဂဏန်းသည် တစ်ကမ္ဘာလုံး၏ စုစုပေါင်းထုတ်ကုန်တန်ဖိုး ၁ရာခိုင်နှုန်းကျဆင်းမှုကို ပြသလိုက်ခြင်းဖြစ်သည်ဟုလည်း အိုင်စီအေအို၏ ကြေညာချက်တွင် ဖော်ပြထားသည်။

တိုးတက်

လေကြောင်းခရီးသွားလာမှုသည် အရှေ့အလယ်ပိုင်း ဒေသမှလွဲလျှင် ကျန်ဒေသအားလုံး၌ ကျဆင်းခဲ့ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသသည် လေကြောင်းသွားလာမှုတွင် ၁၀ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အာကာသယာဉ်သုံး နျူကလီးယားအင်ဂျင် ရုရှား စတင်သုတေသနပြု

မော်စကို ဒီဇင်ဘာ ၂၂

ရုရှားနိုင်ငံသည် အာကာသယာဉ်အတွက် နျူကလီးယားအင်ဂျင်ထုတ်လုပ်ရေး သုတေသနလုပ်ငန်းများကို လာမည့်နှစ်တွင် စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားဖက်ဒရယ် အာကာသအေဂျင်စီ ရော့စ်ကော့စ်မော့စ် အကြီးအကဲအနာတိုလီပါမီနော့က ဒီဇင်ဘာ ၂၀ရက်က ပြောကြားသည်။

အလွန်ကောင်း

အာကာသယာဉ်ဆိုင်ရာ နျူကလီးယားအင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းသည် အလားအလာ အလွန်ကောင်းကြောင်း၊ ယင်းနျူကလီးယားအင်ဂျင်များကို အင်္ဂါဂြိုဟ်နှင့် အခြားဂြိုဟ်များသို့လွှတ်တင်ရာတွင် တီထွင်အသုံးပြုသင့်ကြောင်း၊ ကာဇက်စတန်ရှိ ဘိုက်ကိုနော အာကာသစခန်း၌ ၎င်းက ပြောကြားကြောင်း ရုရှားသတင်းဌာနများက ကိုးကားဖော်ပြသည်။

ဦးစားပေး

ရုရှားသမ္မတဒီမီထရီမက်ဗီဒက်ဗ်ကလည်း ရုရှားနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အာကာသယာဉ်တွင် နျူကလီးယားနည်းပညာကို အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ***အမ်အင်န်အေ၊ ဆင်ဟွာ***

ဗင်နီဇွဲလားနယ်စပ်အနီး ကိုလံဘီယာစစ်စခန်း ဖွင့်မည်

ဘိုဂိုတာ ဒီဇင်ဘာ ၂၂

ဗင်နီဇွဲလားနယ်စပ်အနီး ဂွာဂျာရာပနယ်ဆူလာဒေသ၌ စစ်စခန်းသစ်တစ်ခု ဖွင့်လှစ်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၀ရက်တွင် ကိုလံဘီယာကာကွယ်ရေးဝန်ကြီး ဂါဘာရယ်စီလ်ဗာက ပြောကြားသည်။

အဆိုပါစစ်စခန်း၌ တပ်ဖွဲ့ဝင် ၁၀၀၀ ထားရှိမည်ဖြစ်ပြီး အခြားသော နယ်စပ်ဒေသများ၌လည်း လေတပ် တပ်ရင်းနှစ်ရင်းကို လုံခြုံရေးတာဝန်ပေးမည်ဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

သဘောတူ

ကိုလံဘီယာနိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ၎င်းနိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ စေလွှတ်ရေး သဘောတူပြီးနောက် ဗင်နီဇွဲလားနှင့် ကိုလံဘီယာနှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာလာခဲ့သည်။

ကိုလံဘီယာနိုင်ငံ၌ လေတပ်အခြေစိုက်စခန်း ခြောက်ခုရှိကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ရိုဘီ၌ကုန်တင်ရထားတိမ်းမှောက်

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ပြင်၌ ကုန်တင်ရထားတစ်စင်းတိမ်းမှောက်ပြီးနောက် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို ဒီဇင်ဘာ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရန်နျူကလီးယား စေ့စပ်ရေးမှူး ဂျပန်နိုင်ငံသို့ ရောက်ရှိ

တီဟီရန် ဒီဇင်ဘာ ၂၂

အီရန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးနှင့် နျူကလီးယားစေ့စပ်ရေးမှူး စိမ့်ဂျလီလီတို့ ဒီဇင်ဘာ ၂၀ ရက်က ဂျပန်နိုင်ငံသို့ရောက်ရှိစဉ် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်အပါအဝင် နှစ်နိုင်ငံကဏ္ဍစုံနှင့်ပတ်သက်၍ ဆွေးနွေးမည်ဟု မျှော်လင့်ရကြောင်း ဂျပန်နိုင်ငံထိပ်တန်းတာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

နျူကလီးယား လက်နက်ကင်းမဲ့သော ကမ္ဘာကြီးဖြစ်စေရေးအတွက် အီရန်နိုင်ငံက ဂျပန်နိုင်ငံနှင့် အဓိပ္ပာယ်ရှိရှိ ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း ဂျလီလီက တိုကျိုမြို့သို့ ခရီးရောက်မဆိုက် ပြောကြားသည်။

ငါးရက်ကြာခရီးစဉ်အတွင်း သူသည် ဂျပန်ဝန်ကြီးချုပ် ယူကီဟာတိုယာမာနှင့် နိုင်ငံခြားရေးဝန်ကြီး ကက်ဆူယာအိုကာဒါတို့ အပါအဝင် ဂျပန်ထိပ်တန်းတာဝန်ရှိသူများအားတွေ့ဆုံရန် စီစဉ်ထားသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိငါးပြတိုက်၌ ဝေလငါးမကြီးမှာ ၅ပေဖဲလက်မရှိ ဝေလငါးထီးလေးတစ်ကောင် မွေးဖွားခဲ့သည်ကို ဒီဇင်ဘာ ၂၀ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ကိုကင်း ၂၀ကီလိုဂရမ် ပြင်သစ်၌သိမ်းဆည်း

ပါရီ ဒီဇင်ဘာ ၂၂

ပြင်သစ်နိုင်ငံမြောက်ပိုင်း ကာလီးစ်ဒေသရှိ မန်ချီးဥမင်စစ်ဆေးရေးဂိတ်၌ ဒီဇင်ဘာ ၂၁ရက်က ကားတစ်စီးကို အကောက်ခွန်အရာရှိများက စစ်ဆေးရှာဖွေခဲ့ရာ အထုပ် ၁၈ထုပ်ဖြင့် ထုတ်ထားသည့် ကိုကင်း ကီလိုဂရမ်၂၀ကို သိမ်းဆည်းနိုင်ခဲ့ပြီး ယာဉ်မောင်းအား ဖမ်းဆီးလိုက်ကြောင်းဆင်ဟွာက ဖော်ပြသည်။

တန်ဖိုးရှိ

ယခုသိမ်းဆည်းနိုင်ခဲ့သည့် ကိုကင်းများမှာ ဥရောပသုံးယူရိုငွေ ၈၄၀၀၀၀ခန့် တန်ဖိုးရှိကြောင်း သိရသည်။**အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက် ငါးဦးသေဆုံး၊ အများအပြားဒဏ်ရာရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၂

အီရတ်နိုင်ငံ မြောက်ပိုင်း၌ ဒီဇင်ဘာ ၂၁ရက်က မြို့ကောင်စီအကြီးအကဲ၏ ယာဉ်တန်းအား ပစ်မှတ်ထား၍ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ သက်တော်စောင့်သုံးဦးအပါအဝင် ငါးဦးသေဆုံးပြီး အများအပြားဒဏ်ရာရသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ပြောကြား

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ ယခင်ကထက် ကျဆင်းခဲ့သည်ဆိုသော်လည်း အသေခံဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ဗုံးပေါက်

အဆိုပါ ဗုံးခွဲတိုက်ခိုက်ရာဒေသမှာ ဆီးရီးယားနယ်စပ်မှ မိုင် ၉၀အကွာ တဲလ်အဖာမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းမြို့ကောင်စီ၏ ယာဉ်တန်းဖြတ်သန်းသွားစဉ် တိုက်ခိုက်ရေးသမားတစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ထိုနေ့က ဘဂ္ဂဒက်၌လည်း ဗုံးပေါက်ကွဲသဖြင့် ရဲအရာရှိတစ်ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

အပျက်အစီးများ

အီရတ်မြောက်ပိုင်း တဲလ်အဖာမြို့၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်)

ကြည်း၊ ရေ၊ လေ စစ်တက္ကသိုလ်များ တောင်ကိုရီးယား ပေါင်းရန်စဉ်းစား

ဆိုးလ် ဒီဇင်ဘာ ၂၂

တောင်ကိုရီးယားအစိုးရသည် ကြည်း၊ ရေ၊ လေ စစ်တက္ကသိုလ်များ ပေါင်းစည်းမည့် စီမံချက်ကို ဦးစားပေးစဉ်းစားလျက်ရှိသည်ဟု တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက ထုတ်လွှင့်သည်။

လေ့ကျင့်

တောင်ကိုရီးယားအစိုးရအနေဖြင့် အဆိုပါ စစ်တက္ကသိုလ်များကို တပေါင်းတစည်းတည်းထားရှိရန် သို့မဟုတ် ပထမနှစ်နှစ်တွင် ပူးပေါင်းလေ့ကျင့်မှုပြုလုပ်ရန် ကိစ္စရပ်များကို အချိန်ယူစဉ်းစားလျက်ရှိသည်ဟု ဆိုသည်။ **(အင်တာနက်)**

မိခင်နှင့် ကလေး သေဆုံးမှု အာဖဂန်၌ အများဆုံး

ကဘူးလ် ဒီဇင်ဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန် ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် မိခင်နှင့်ကလေး ထောင်ပေါင်းများစွာတို့ သေကြေထိခိုက်ဒဏ်ရာ ရကြရသည့်အပြင် ငတ်မွတ်ခေါင်းပါးမှု ပြဿနာများနှင့်လည်း ရင်ဆိုင်နေကြရကြောင်း ယူနီဆက်က ဒီဇင်ဘာ ၂၁ရက်က ပြောကြားသည်။

ပြောကြား

၂၀၀၁ခုနှစ်မှစပြီး အမေရိကန်တပ်များ၏ တိုက်ခိုက်ခြင်းခံနေကြရ၍ မိခင်နှင့် ကလေး သေပျောက်မှု အများဆုံး နိုင်ငံလည်း ဖြစ်ကြောင်း ယူနီဆက်က ပြောကြားသည်။ **(အင်တာနက်)**

ဆိုမာလီပင်လယ်ဓားပြများအား အိန္ဒိယရေတပ်တိုက်ထုတ်နိုင်ခဲ့

နယူးဒေလီ ဒီဇင်ဘာ ၂၂

အေဒင်ပင်လယ်ကွေ့၌ သင်္ဘောတစ်စင်းအား ပြန်ပေးဆွဲရန် ကြိုးပမ်းသည့် ဆိုမာလီပင်လယ်ဓားပြများအား အိန္ဒိယရေတပ်က တိုက်ထုတ်နိုင်ခဲ့ကြောင်း အင်ဒို-အာရှသတင်းဌာနက ဒီဇင်ဘာ ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

တိုက်ထုတ်

အဆိုပါ သင်္ဘောအနီးသို့ ပင်လယ်ဓားပြများ လှေငယ်တစ်စင်းဖြင့် ချဉ်းကပ်ရောက်ရှိလာသည်ကို အိန္ဒိယစစ်သင်္ဘောက သတင်းရရှိပြီးနောက် ရဟတ်ယာဉ်တစ်စင်းစေလွှတ်ကာ ပင်လယ်ဓားပြများအား တိုက်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်း၌ ပါရှိသည်။ သင်္ဘော၏အမည်နှင့် မည်သည့်နိုင်ငံမှဖြစ်သည်ကိုမူ သတင်းထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းသည်

နေတိုးညီလာခံသို့ တောင်ကိုရီးယား တက်ရောက်ဖွယ်ရှိ

တောင်ကိုရီးယားနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ရေးကိစ္စနှင့် ပူးတွဲစစ်ဆင်ရေးကိစ္စတို့ကို ဆောင်ရွက်ရာတွင် အခြားနိုင်ငံများနှင့် ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် နည်းလမ်းရှာဖွေနိုင်ရေးအတွက် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)ညီလာခံသို့ တက်ရောက်ဖွယ်ရှိကြောင်း တောင်ကိုရီးယားမီဒီယာများက ဒီဇင်ဘာ ၂၂ရက်၌ ဖော်ပြသည်။

ရာသီဥတုပြောင်းလဲမှု ရေခဲပြင်လျော့နည်းလာ

အင်ဒီးတောင်တန်း ရီယယ်မောင်းတိန်းရင့်ချ်၏ ရေခဲပြင်သည် ရာသီဥတုပြောင်းလဲမှုကြောင့် ၁၉၈၇ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း ၂၄ရာခိုင်နှုန်း (၈၄စတုရန်းကီလိုမီတာခန့်) လျော့ကျသွားကြောင်း ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေ(ယူအင်န်အက်ဖ်ပီအေ)က သတင်းထုတ်ပြန်သည်။ *(အောက်ပုံ)*

ညစ်ညမ်းဒီဗွီဒီရောင်းသူများ စပိန်ရဲဖမ်းဆီး

စပိန်ရဲများသည် ညစ်ညမ်းစီဒီခွေများ၊ ဒီဗွီဒီများ လက်ဝယ်ထားရှိသူနှင့် ဖြန့်ချိရောင်းချသူများအား စစ်ဆင်ရေးတစ်ရပ်ဖြင့် နှိမ်နင်းရာ အမျိုးသမီးလေးဦးအပါအဝင် လူ၆၀အား ဖမ်းဆီးလိုက်ပြီး ၂၅ဦးအား စွဲချက်တင် အရေးယူလိုက်သည်ဟု ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၂၁ရက်တွင် ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသည် ရှစ်သန်း တောင်ကိုရီးယားသို့ လာရောက်ဖွယ်ရှိ

တောင်ကိုရီးယားနိုင်ငံသည် ယခုနှစ်တွင် နိုင်ငံခြားသားခရီးသည် ရှစ်သန်းနီးပါး တောင်ကိုရီးယားသို့ လာရောက်လည်ပတ်နိုင်သည်ဟု မျှော်လင့်နေကြောင်း၊ ယခုနှစ်အတွက် မျှော်လင့်ထားသည့် ခရီးသည်ဦးရေထက် များပြားဖွယ်ရှိကြောင်း တောင်ကိုရီးယားမီဒီယာများက ဒီဇင်ဘာ ၂၂ရက်တွင် ဖော်ပြထားသည်။

ဟောင်ကောင်၌ ရွှေဈေးနှုန်းကျဆင်း

ဟောင်ကောင်၌ ရွှေဈေးသည် ဒီဇင်ဘာ ၂၂ရက်တွင် ဟောင်ကောင်ဒေါ်လာ ၁၃၇ဒေါ်လာကျဆင်းကာ ဟောင်ကောင်သုံးအလေးချိန် ရွှေတစ်အောင်စလျှင် ဟောင်ကောင်ဒေါ်လာ ၁၀၁၃၅ဒေါ်လာဖြင့် ဈေးဖွင့်သွားကြောင်း၊ ယင်းရွှေဈေးသည် အမေရိကန်ဒေါ်လာ ၁၀၉၈ ဒသမ ၁၀နှင့် ညီမျှကြောင်း သိရသည်။

မလေးရှားစီးပွားရေးညီလာခံ ၂၀၁၀ခုနှစ် ဇန်နဝါရီလ၌ ကျင်းပမည်

မလေးရှားနိုင်ငံတွင် တရုတ်ပူးတွဲကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းအသင်း (အေစီစီစီအိုင်အမ်)သည် စီးပွားရေးပုံစံသစ် ဖြစ်ပေါ်လာရေးအတွက် ဆွေးနွေးရန် လာမည့်ဇန်နဝါရီလတွင် ကွာလာလမ်ပူမြို့၌ မလေးရှားစီးပွားရေးညီလာခံ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သစ်ပင်များမှ ဓာတုပစ္စည်းထုတ်လွှတ်မှုဆိုင်ရာညီလာခံ နယူးဇီလန်နိုင်ငံ ဝယ်လင်တန်၌ ကျင်းပမည်

နယူးဇီလန်နိုင်ငံမြို့တော် ဝယ်လင်တန်တွင် ၂၀၁၀ခုနှစ်မတ်လ၌ သစ်ပင်များမှ ဓာတုပစ္စည်းထုတ်လွှတ်မှုဆိုင်ရာညီလာခံတစ်ရပ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ ယင်းညီလာခံတွင် ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်၍ တစ်ကမ္ဘာလုံး ကြုံးပမ်းလုပ်ဆောင်ချက်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် ၁၂ဦးအား ရဲကဖမ်းဆီး

နယူးဇီလန်နိုင်ငံ အောက်ကလင်းမြို့မြောက်ဘက် ဆင်ခြေဖုံးရပ် ပင်လယ်ကမ်းခြေတွင် ရဲများက စီးနင်းရှာဖွေရာ၌ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုမှုဖြင့် ၁၂ဦးအား ဖမ်းဆီးလိုက်ကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၂၂ရက်၌ ပြောကြားသည်။

မီးတောင်ငါးလုံး အီကွေဒေါ်၌ ထပ်မံတွေ့ရှိ

အီကွေဒေါ်နိုင်ငံ အမေဇုန်ဒေသတွင် မီးတောင်ငါးလုံးကို ထပ်မံတွေ့ရှိကြောင်း အီကွေဒေါ်အမျိုးသားအဆင့်မြင့်ပညာတက္ကသိုလ် အီကွေဒေါ်ဘူမိရူပဌာနက ဒီဇင်ဘာ ၂၀ရက်က သတင်းထုတ်ပြန်သည်။ အဆိုပါမီးတောင်များအနက် မီးတောင်တစ်လုံးသည် မီးတောင်ရှင်ဖြစ်သည်ဟု ဆိုသည်။ ***(အင်တာနက်)***

သက်ကြီးစာပေပညာရှင်များအား ပဲခူးတွင်ပူဇော်

ပဲခူး ဒီဇင်ဘာ ၂၂

ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် သက်ကြီးစာပေပညာရှင်များဖြစ်ကြသော ဆရာကြီးဦးအောင်ဘဏ်(ဥဿဆရာအို)(၉၂)နှစ်၊ ဆရာကြီးဦးစိန်အောင် (သတင်းထောက်)(၈၃)နှစ်နှင့် ဆရာကြီးဦးထွန်းညွန့်(ကြည်မြထွန်း) အသက်(၈၀)တို့အား မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက စုပေါင်းပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၀ရက် မွန်းတည့် ၁၂ နာရီက ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးရုံး စာဖတ်ခန်း၌ ကျင်းပသည်။

ပူဇော်လှူဒါန်း

ထို့နောက် ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က စာရေးဆရာကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀စီ၊ စိန်ဘယက်ဆေးတိုက်ပိုင်ရှင် ဦးကြည်လင်းမိသားစုက စာရေးဆရာကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီနှင့် ဆေးဝါးများ၊ ဒေဝယက္ခဆေးတိုက်ပိုင်ရှင် ဦးဖြေမိသားစုက ဆရာကြီးတစ်ဦးလျှင် ငွေကျပ်၅၀၀၀တန် ပုဆိုးတစ်ထည်စီနှင့် ဆေးဝါးများ၊ ပြက္ခဒိန်နှင့် စာအုပ်စာတမ်းများ ပူဇော်လှူဒါန်းကြသည်။**(အပေါ်ပုံ)**ထို့နောက်အပူဇော်ခံဆရာကြီး ဦးအောင်ဘဏ်(ဥဿဆရာအို)က ဩဝါဒစကားပြောကြားသည်။ **(ဖဖ၀)**

ဒီဇင်ဘာ ၁၆ရက်က ဆီမီး ၉၉၀၀ အဖွဲ့ အင်းစိန်မှ ကျောက်တန်းမြို့ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၃၅ ဦးအတွက် နံနက်စာ၊ နေ့လယ်စာ၊ ညစာ တစ်ရက်အတွက် ကုန်ကျငွေကျပ် ၃၆၀၀၀ကို အဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ၊ တောင်တွင်းကြီး)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ)နှင့်အဖွဲ့ဝင်များက ရိပ်သာကြီးကြပ်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (၁၁၃)

ပညာဗိမာန်စာကြည့်တိုက် အဆောက်အအုံ မိုင်းကိုင်မြို့နယ် ပန်ကေတုကျေးရွာ၌ဖွင့်

မိုင်းကိုင် ဒီဇင်ဘာ ၂၂

လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ပန်ကေတုကျေးရွာ ပညာဗိမာန်စာကြည့်တိုက် အဆောက်အအုံနှင့် စာပေဒါနလှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက ပညာဗိမာန်စာကြည့်တိုက်အဆောက်အအုံကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှရွှေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦး၊ ပညာဗိမာန်စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းချစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူရှင်များက ၂၁ လက်မ ရောင်စုံတီဗွီတစ်လုံး၊ စာအုပ်စာစောင် ၅၅၀၊ ပျဉ်ကာသွပ်မိုး စာကြည့်တိုက်အဆောက်အအုံနှင့် ပန်းခြံတို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သော ခရိုင်ချင်းဆက်လမ်း အမှတ် ၂ (သစ်ကြိမ်း-ထုံးဘိုကြီး)လမ်းပိုင်းရှိ လမ်းတံတားများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် ဒီဇင်ဘာ ၈ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

လွတ်လပ်ရေးနေ့အကြို ပန်းဘဲတန်း၌ဟောပြော

ရန်ကုန် ဒီဇင်ဘာ ၂၂

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုနယ်လှည့်ဟောပြောပွဲကို ဒီဇင်ဘာ ၁၇ရက် မွန်းလွဲ ၁နာရီက အထက(၁)ပန်းဘဲတန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးခေါင်းစဉ်ဖြင့် ဟောပြောပြီး **(အောက်ပုံ)** ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြမေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



ငွေသော်တာဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဒီဇင်ဘာ ၂၂

ဦးကျော်ကျော်မြင့် (မြင့်မိသားစုကုမ္ပဏီလီမိတက်)သည် ကစားဖော်များဖြစ်သည့် ဦးမင်းသိန်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်)၊ ဦးတင့်ဦး (Executive Director, IBTC)၊ ဦးခိုင်ဦး၊ ဦးရွှေသွင်တို့နှင့်အတူ ဒီဇင်ဘာ ၂၀ ရက်က ငွေသော်တာဂေါက်ကွင်း၌ ဂေါက်ရိုက်ကစားနေစဉ် ၁၆၂ ကိုက်ဝေးသည့် ကျင်းအမှတ် ၅သို့အရောက်တွင် Srixon Soft Feel Ball No.3 ဘောလုံးကို Taylor Made XR Iron No.7 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်)**

မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လေထီး-ဝါးနက်ချောင်းလမ်း ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၈ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာဦးမြင့်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြရေပေးရေး လုပ်ငန်းဖြစ်သော အမှတ်(၂)ရပ်ကွက် နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



23-12 (05).pmd 1 12/23/2009, 1:39 AM

ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းကွင်း၌ ယနေ့ယှဉ်ပြိုင်ကစားမည်

သတင်းမှတ်စု - ကိုထွေး၊ စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂၂

(၄၅)ကြိမ်မြောက် ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၇ရက် မှ ၁၆ရက်အထိ ဇုန်လေးဇုန်ခွဲ၍ ကျင်းပခဲ့သည်။

အုပ်စု(က)

ဇုန်(က) နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းကွင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အသင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရဲတပ်ဖွဲ့အသင်း၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့အသင်း၊ တနင်္သာရီတိုင်းရဲတပ်ဖွဲ့အသင်းနှင့် စည်ပင်သာယာရဲတပ်ဖွဲ့အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက အုပ်စုပထမ၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့အသင်းက အုပ်စုဒုတိယ ရရှိခဲ့သည်။

အုပ်စု(ခ)

ဇုန်(ခ) မန္တလေးမြို့ မန်းတောင်ခြေဘောလုံးကွင်း၌ ရန်ကုန်တိုင်းရဲတပ်ဖွဲ့အသင်း၊ ဧရာဝတီတိုင်းရဲတပ်ဖွဲ့အသင်း၊ ကယားပြည်နယ်ရဲတပ်ဖွဲ့အသင်း၊ ပဲခူးတိုင်း (အရှေ့ပိုင်း) ရဲတပ်ဖွဲ့အသင်းနှင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပဲခူးတိုင်း (အရှေ့ပိုင်း)ရဲတပ်ဖွဲ့အသင်းက အုပ်စုပထမ၊ ဧရာဝတီတိုင်းရဲတပ်ဖွဲ့အသင်းက အုပ်စုဒုတိယ ရရှိခဲ့သည်။

ဇုန်(ဂ) မိတ္ထီလာမြို့ မိတ္ထီလာဘောလုံးကွင်း၌ မကွေးတိုင်းရဲတပ်ဖွဲ့အသင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) ရဲတပ်ဖွဲ့အသင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရဲတပ်ဖွဲ့အသင်း၊ ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့ရုံးအသင်းနှင့် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မကွေးတိုင်း ရဲတပ်ဖွဲ့အသင်းက အုပ်စုပထမ၊ ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့ရုံးအသင်းက အုပ်စုဒုတိယ ရရှိခဲ့သည်။

ဇုန်(ဃ) နေပြည်တော် လယ်ဝေးမြို့နယ် လယ်ဝေးဘောလုံးကွင်း၌ မန္တလေးတိုင်းရဲတပ်ဖွဲ့အသင်း၊ စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့အသင်း၊ ကချင်ပြည်နယ် ရဲတပ်ဖွဲ့အသင်းနှင့် ရဲဗဟိုလေ့ကျင့်ရေး သင်တန်းကျောင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မန္တလေးတိုင်းရဲတပ်ဖွဲ့အသင်းက အုပ်စုပထမ၊ ကချင်ပြည်နယ် ရဲတပ်ဖွဲ့အသင်းက အုပ်စုဒုတိယ ရရှိခဲ့သည်။ ဒုတိယအဆင့်ရှုံးထွက် (ကွာတားဖိုင်နယ်) ပွဲစဉ်များကို ဒီဇင်ဘာ ၁၉ရက်မှ ၂၂ရက်အထိ နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

*အကြိုဗိုလ်လုပွဲစဉ်များကို နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၃ရက် **(ယနေ့)** နံနက်ပိုင်းတွင် ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်အသင်းနှင့် မကွေးတိုင်းရဲတပ်ဖွဲ့အသင်း၊ ဒီဇင်ဘာ ၂၄ရက် **(နက်ဖြန်)** နံနက်ပိုင်းတွင် ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ပဲခူးတိုင်း (အရှေ့ပိုင်း)ရဲတပ်ဖွဲ့အသင်းနှင့် မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။*

ဗိုလ်လုပွဲ

ဗိုလ်လုပွဲစဉ်ကို ဒီဇင်ဘာ ၂၇ရက် ညနေပိုင်းတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။ ။ ***(မြန်မာ့အလင်း)***

ကြိုဆိုနှုတ်ဆက်

ဒီဇင်ဘာ ၂၂ရက်က (၆၅)နှစ်မြောက် ဗီယက်နမ်ပြည်သူ့တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, NGUYEN VAN VUI နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၃-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၅	၇။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မေးမြန်းစူးစမ်း
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၉။	ကျန်းမာသုတ
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	Mail Box
၆:၃၅	၁၄။	ကာတွန်းအစီအစဉ် မော်ဆရာနှင့် ပင်လယ်နတ်သမီး (အပိုင်း-၃၃)
၆:၄၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၃၂)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	အိုင်စီတီသုတ
	၂၂။	ရယ်ရွှင်စရာဟာသပဒေသာ **ဦးလူတော်နှင့်ဒေါ်စေတနာ** ပေါ်လေး၊ ကျော်ထူး၊ ကင်းကောင်၊ ကစ်ကစ်၊ နှိုင်းယှဉ်မြင့်မိုရ် (ဒါရိုက်တာ-မောင်ပြည့်ဝ၊ ပန်းဝေသီ)
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၃)
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

လှုပ်လှုပ်ရှားရှား တောင်ကိုရီးယား အနုပညာကြယ်ပွင့်များ

ပြည်ပအနုပညာသတင်း ➢ မိုးမြင့်လင်းလက်

ဆိုးလ် ဒီဇင်ဘာ ၂၂

ကမ္ဘာတစ်ဝန်းက ပရိသတ်တွေရဲ့ အားပေးနှစ်ခြိုက်မှုကို ရယူထားနိုင်တဲ့ တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင်တွေဟာ ဇာတ်လမ်းနဲ့ လိုက်ဖက်အောင် သဘာဝကျကျ သရုပ်ဆောင်နိုင်ကြတာမို့ ကမ္ဘာ့အနုပညာမျက်နှာစာမှာ နေရာယူထားနိုင်တဲ့အထိ ထိုးဖောက်လွှမ်းမိုးနိုင်ကြသူတွေ ဖြစ်လာနေကြပါတယ်။ ဒါကြောင့်မို့ အောင်မြင်ကျော်ကြားနေတဲ့ တောင်ကိုရီးယားသရုပ်ဆောင် အချို့ရဲ့ အနုပညာဆိုင်ရာ လှုပ်ရှားမှုတွေ ဖော်ပြရပါလျှင်-

အဆိုတော်နဲ့ သရုပ်ဆောင်ရိန်း

အာရှနိုင်ငံတွေကို ဖျော်ဖြေရေး ခရီးစဉ် ထပ်မံထွက်ရှိဖို့ ပြင်ဆင်နေတဲ့ တောင်ကိုရီးယားအဆိုတော်နဲ့ သရုပ်ဆောင်ရိန်းဟာ စင်ကာပူနိုင်ငံမှာ

အောင်မြင်ကျော်ကြားဆဲ ရိန်း။

မကြာမီကကျင်းပခဲ့တဲ့ (၁၄)ကြိမ်မြောက် အာရှ ရုပ်မြင်သံကြားဆုကို "Ninja Assassin" ရုပ်ရှင်ဇာတ်လမ်းနဲ့ ဆွတ်ခူးရရှိခဲ့ပါတယ်။ အဲဒီဇာတ်ကားဟာ အမေရိကန်နိုင်ငံ ဟောလီးဝုဒ်မှာ ရိုက်ကူးခဲ့ပြီး ထုတ်လွှင့်ပြသတဲ့အခါ အမေရိကန် ဒေါ်လာ ၃၄ သန်းအထိ ရရှိခဲ့ပါတယ်။ ရိန်းအနေနဲ့ အာရှပရိသတ်တွေရဲ့ တောင်းဆိုမှုအရ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်း၊ ပါကစ္စတန်နဲ့ စင်ကာပူနိုင်ငံတွေမှာ တေးဂီတဖျော်ဖြေပွဲတွေ ပြုလုပ်ဖို့ သွားရောက်မှာဖြစ်ပါတယ်။ တောင်ကိုရီးယားမှာတော့ အခုလောလောဆယ်မှာ ရိန်းပါဝင်သရုပ်ဆောင်ထားတဲ့ "A Love To Kill" နဲ့ "Full House" ရုပ်ရှင် ဇာတ်ကားတွေ ပြန်လည်ပြသနေတာမို့ ပရိသတ်တွေ နှစ်နှစ်ခြိုက်ခြိုက်အား ပေးကြည့်ရှုလျက်ရှိနေပါတယ်။ ရိန်းဟာ ဂျပန်ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက ဇာတ်ကားတစ်ကားရိုက်ကူးဖို့ ကမ်းလှမ်းမှုနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ ဂျပန်နိုင်ငံကို လာမယ့် နှစ်ဆန်းပိုင်းမှာ သွားရောက်ဖို့လည်း စီစဉ်နေပါတယ်။

အဆိုတော်နဲ့ သရုပ်ဆောင် ကင်ဟွန်ဂျွန်

F4 ရုပ်မြင်သံကြား ဇာတ်လမ်းတွဲမှာ ဂျီဟိုအဖြစ် သရုပ်ဆောင်ထားတဲ့ တောင်ကိုရီးယားအဆိုတော်နဲ့ သရုပ် ဆောင် ကင်ဟွန်ဂျွန်ဟာ ၁၉၈၆ခုနှစ် ဇွန် ၆ရက်မှာ မွေးဖွားသူဖြစ်လို့ အသက် ၂၄နှစ်သာ ရှိသေးတဲ့ သရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။ ကင်ဟွန်ဂျွန်ဟာ ပြီးခဲ့တဲ့နှစ်မေလက ထုတ်လွှင့်ပြသခဲ့တဲ့ "We Got Married" ရုပ်မြင်သံကြား ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး နာမည်ကြီးခဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် တောင်ကိုရီးယားနိုင်ငံ ကေဘီအက်စ် ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်ပြသတဲ့ F4 ရုပ်မြင်သံကြား ဇာတ်လမ်းတွဲမှာ ပိုပြီးနာမည်ကြီးခဲ့တဲ့ သရုပ်ဆောင်လည်း ဖြစ်ပါတယ်။ ကင်ဟွန်ဂျွန်(ဂျီဟို)ဟာ ကေဘီအက်စ်နဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခု ထပ်မံပါဝင် သရုပ်ဆောင်ဖို့ရှိနေပြီး တရုတ်နိုင်ငံ ရုပ်ရှင် ကုမ္ပဏီတစ်ကားကလည်း အချစ်မေတ္တာဘွဲ့ ဇာတ်လမ်းတစ်ကား ရိုက်ကူးဖို့ ကမ်းလှမ်းနေတာမို့ ကင်ဟွန်ဂျွန် (ဂျီဟို) ဟာ တရုတ်နိုင်ငံကို မကြာမီခရီးထွက်ဦးမှာ ဖြစ်ပါတယ်။



လူငယ်ပရိသတ် အသည်းစွဲ ကင်ဟွန်ဂျွန်။

ဆောင်းဟေကို (အွန်စော)

တရုတ်နိုင်ငံရှန်ဟိုင်းမြို့ကို ရောက်ရှိနေတဲ့ တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် အွန်စောဟာ တရုတ်နိုင်ငံ သမိုင်းနောက်ခံ ရုပ်ရှင်ဇာတ်ကား တစ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်။ အာရှပရိသတ်

ပရိသတ်အားပေးမှု ရရှိနေသည့် ဆောင်းဟေကို (အွန်စော)။

တွေသာမက ဥရောပ ပရိသတ်တွေရဲ့ အားပေးမှုကိုရရှိထားတဲ့ အွန်စောဟာ လောလောဆယ်မှာ "Vanguard" အမည်ရှိတဲ့ ရုပ်ရှင်ဇာတ်ကားကို တရုတ်နိုင်ငံမှာ စတင်ရိုက်ကူးနေပြီ ဖြစ်ပါတယ်။ တရုတ်မီဒီယာတွေကတော့ ဆောင်းဟေကို (အွန်စော)ဟာ ၂၀၁၀ခုနှစ်မှာလည်း တရုတ်ရုပ်ရှင်ဇာတ်ကားတစ်ကားမှာ ပါဝင်ရိုက်ကူးမှာဖြစ်ကြောင်း ဖော်ပြနေကြပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှာရှိတဲ့ ပန်ဒါဝက်ဝံ ထိန်းသိမ်းစောင့်ရှောက်ရေး မြှင့်တင်မှုလုပ်ငန်းတွေကို သွားရောက်ဆောင်ရွက်ဦးမှာ ဖြစ်ပါတယ်။ အွန်စောဟာ တောရိုင်းတိရစ္ဆာန်တွေ ကာကွယ်စောင့်ရှောက်ရေးနဲ့ပတ်သက်ပြီး ပန်ဒါဝက်ဝံများ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ သံတမန်တစ်ဦး အဖြစ်လည်း တာဝန်ပေးထားတာမို့ အဲဒီတာဝန်တွေလည်း အာရှနိုင်ငံအချို့ကို သွားရောက်ပြီး ထမ်းဆောင်ဦးမှာဖြစ်ပါတယ်။



အာရှပရိသတ် အကြိုက်ဆုံး ယွန်ကေးဆန်။

တောင်ကိုရီးယားအမျိုးသား သရုပ်ဆောင်ယွန်ကေးဆန်

တောင်ကိုရီးယားနိုင်ငံ အမ်ဘီစီ ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်မယ့် ယွန်ကေးဆန် ပါဝင်သရုပ်ဆောင်ထားတဲ့ "Road Number 1" အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ထုတ်လွှင့်ပြသဖို့ အတွက် သက်ဆိုင်ရာကသဘောတူညီလိုက်ပြီ ဖြစ်ပါတယ်။ အဲဒီရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို လာမယ့် ၂၀၁၀ခုနှစ်မှာ ပြသဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ စစ်ပွဲအခြေခံ သမိုင်းနောက်ခံဇာတ်လမ်း ဖြစ်တာမို့ ယွန်ကေးဆန်ရဲ့ ထူးခြားတဲ့ သရုပ်ဆောင်မှုတွေကို မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ ယွန်ကေးဆန်ရဲ့ထူးခြားတဲ့ အမူအယာတွေကို ဂျပန်ပရိသတ်တွေ သဘောကျနှစ်ခြိုက်အားပေးနေတာမို့ ဂျပန်နိုင်ငံ ရုပ်ရှင်ကုမ္ပဏီတစ်ခုကလည်း ပါဝင် သရုပ်ဆောင်ဖို့ ကမ်းလှမ်းနေပါတယ်။ ဒါကြောင့် ယွန်ကေးဆန်ဟာ ဂျပန်နိုင်ငံကို ခရီးထွက်ဖို့ စီစဉ်နေကြောင်း သိရပါတယ်။

တောင်ကိုရီးယားအမျိုးသမီး သရုပ်ဆောင် ကင်တေးဟီ

တောင်ကိုရီးယားမှာသာမက အာရှပရိသတ်တွေ တစ်ခဲနက်အားပေးမှုရယူထားနိုင်တဲ့ ကင်တေးဟီဟာ အက်စ်ဘီအက်စ်က ထုတ်လွှင့်တဲ့ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွေကြောင့် နာမည်ကြီးနေသူတစ်ဦးဖြစ်ပါတယ်။ "Love Story in Harvard", "Forbidden Love"၊ "Let's Go" အမည်ရှိတဲ့ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွေမှာ နာမည်ကြီးခဲ့သူဖြစ်ပြီး အနုပညာထူးချွန်ဆု ခုနစ်ဆု ရရှိခဲ့သူလည်း ဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေ အဖြစ် "The Restless"၊ "New Citizen"၊ "Last Present" စတဲ့ ရုပ်ရှင်ဇာတ်ကား ပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး အပြစ်ကင်းပြီး ကရုဏာဖြစ်ဖွယ် သရုပ်ဆောင်မှုတွေကြောင့် ပရိသတ်တွေ အားပေးမှုရရှိနေသူဖြစ်ပါတယ်။ အသက် ၂၉နှစ်ပြည့်တော့မှာမို့ ဇာတ်အိမ်ခိုင်ခံ့တဲ့ ရုပ်ရှင်ဇာတ်ကားကြီးတစ်ကား ရိုက်ကူးပြီး မှတ်တမ်းတင် ကျန်ရစ်အောင် ကြိုးစားသွားမယ်လို့ ဆိုနေပါတယ်။ ကင်တေးဟီ

ချစ်စဖွယ် အမူအရာပိုင်ရှင် ကင်တေးဟီ။

ဟာ လောလောဆယ် ဆိုးလ်မြို့တော်မှာ သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံပွဲ ကျင်းပဖို့ စီစဉ်နေပြီး လာမယ့် ၂၀၁၀ ခုနှစ်မှာ မေတ္တာဘွဲ့ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ တစ်တွဲမှာ ပါဝင်သရုပ် ဆောင်မယ်လို့ သိရပါတယ်။

ဒါကြောင့် တောင်ကိုရီးယား အနုပညာရှင်တွေဟာ ကြိုးစားအားထုတ်မှုတွေ၊ သဘာဝကျတဲ့ သရုပ်ဆောင်မှုတွေကြောင့် ကမ္ဘာ့ပရိသတ်ရဲ့ အားပေးနှစ်ခြိုက်မှုကိုရယူနိုင်တဲ့သူတွေ ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

မြိတ်မြို့နယ်၌ ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှု ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဒီဇင်ဘာ ၁၉ရက်က တနင်္သာရီတိုင်း မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု လော့လော့ကျေးရွာရှိ ယူနိုက်တက်ကေအမ်ကေ(မြိတ်) ကုမ္ပဏီလီမိတက်၏ မြေသားကန်ဖြင့် ကကတစ်ငါး (Grow Out) မွေးမြူဆောင်ရွက်နေသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဝန်ကြီးအား မွေးမြူထားရှိသည့် ကကတစ်(ခ)ကပေါင်းငါးများ၏ ရှင်သန်နှုန်း ၉၃ ရာခိုင်နှုန်းရရှိမှုနှင့် မြေသားကန်ဖြင့် မွေးမြူခြင်းမှ ကြီးထွားနှုန်း ကောင်းမွန်မှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြိတ်မြို့သစ်ရှိ မြန်မာ MSC ကုမ္ပဏီလီမိတက်၏ပင်လယ်ရေမှော်စိုက်ပျိုးမွေးမြူ ထုတ်လုပ်မှုစခန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ပင်လယ်ရေမှော်စိုက်ပျိုးမွေးမြူမှု အခြေအနေနှင့် စက်ရုံတည်ဆောက်ရေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မြိတ်မြို့သစ်ရှိ အဏ္ဏဝါစိုး ငါးတင်၊ ငါးချဆိပ်ကမ်း ဆောက်လုပ်ပြီးစီးမှုနှင့် ငါးဖမ်းရေယာဉ်များ ဆိုက်ကပ်ဝင်ထွက်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၁၈ရက်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးကျော်ဝင်း (ဒုတိယညွှန်ကြားရေးမှူး) ဦးဆောင်သောအဖွဲ့ လှိုင်မြို့နယ် ပါရမီလမ်းမကြီးပေါ်၌ မောင်းနှင်လျက်ရှိသော ယာဉ်နှင့် ယာဉ်မောင်းများအား သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာခြင်း ရှိ မရှိတို့ကို ရှောင်တခင် စစ်ဆေးပညာပေး ဆောင်ရွက်စဉ်။ (သတင်းစဉ်)

သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန် အသင်း၏ စဉ်ဆက်မပြတ် ဆေးပညာ သင်ကြားရေး အစီအစဉ်အရ ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဦးမျိုးဝင်းက "Ongoing Battle against Dental Caries; are we winning?" ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာဆရာဝန်များ တက်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

စပေါင်း နေကြာသီးညှပ် စိုက်ပျိုးပွဲ ဟသ္သာတမြို့နယ် ကြိတ်တန်းကျေးရွာတွင် ကျင်းပ

ဟသ္သာတ ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်း ဟသ္သာတခရိုင် ဟသ္သာတမြို့နယ် ၂၀၀၉-၂၀၁၀ခုနှစ် စပေါင်း နေကြာသီးညှပ်စိုက်ပျိုးပွဲကို နိုဝင်ဘာ ၂၅ရက် နံနက် ၇နာရီက ပိတောက်ကုန်းအုပ်စု ကြိတ်တန်းကျေးရွာကွင်းအမှတ် (၁၅၇၅) ဦးပိုင် (၈၉/၅)ရှိ တောင်သူ ဦးလှမောင်လေး၏ လယ်မြေ လေးကေတွင် ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ နေကြာသီးညှပ်စိုက်ပျိုးပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလှဝေ၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာဦးစိုးမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးငွေလွင်နှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(ဝဲပုံ)**

ကြိုးပမ်းဆောင်ရွက်

ဟသ္သာတမြို့နယ်အနေဖြင့် မိုးစပါးစိုက်ဧက ၁၂၉၁၆၅ဧကကို အားလုံး ရိတ်သိမ်းပြီးဖြစ်ရာ ပြည်ပပို့ကုန် ပဲမျိုးစုံ ပိုမိုစိုက်ပျိုးနိုင်ရေး၊ စားသုံးဆီ ဖူလုံရေးတို့အတွက် သီးနှံစိုက်ဧကများအား တိုးတက်မြင့်မားရေးကို စိုက်ပျိုးရေးစခန်းနယ်မြေများအလိုက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ဟသ္သာတ၌ ကျင်းပ

ဟသ္သာတ ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်း ဟသ္သာတခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခရိုင်ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဟသ္သာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဟသ္သာတခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက အမှာစကားပြောကြားပြီး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသိန်းမြင့်က HIV၊ AIDS ရောဂါနှင့်ပတ်သက်၍လည်းကောင်း၊ ခရိုင်ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်ကြီး ဒေါက်တာအေးအေးညွန့်က HIV၊ AIDS ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန် ဒီဇင်ဘာ ၂၂

LUCKY BIRD Group of Companies မှ TOSHIBA Notebook, Projector နှင့် Copier များ၊ Remaco အမှတ်တံဆိပ် Projection Screen များနှင့် USA Brand, Infocus Projector များကို အထူးလျှော့ဈေး နှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အောက်ယာပုံ)

လပ်ကီးဘတ်ကုမ္ပဏီ အရောင်းမြှင့်တင်

ပြုလုပ်

TOSHIBA Notebook, Projector နှင့် Copier ဝယ်ယူသူများ ရရှိနိုင်မည့် လက်ဆောင်ပစ္စည်းများတွင် မည်သည့် City Mart ဆိုင်တိုင်းတွင်မဆို ဈေးဝယ်ယူနိုင်သော ကျပ်ငါးသောင်းတန် City Mart Gift Card, ကျပ်တစ်သောင်းတန် City Mart Gift Card, Color Printer, 2GB SD Card, ယခုခေတ်လူငယ်များကြား ရေပန်းစားနေသော WiFi Hot Spot Kit, USB Mouse, Head Phone တို့ ပါဝင်ကြောင်း သိရသည်။

ဝယ်ယူအားပေးသူများအနေဖြင့် မိမိတို့ဝယ်ယူအားပေးသော Item အမျိုးအစားနှင့် မော်ဒယ်ပေါ်မူတည်ပြီး Promotion Package ရရှိမည်ဖြစ်ကြောင်း၊ Promotion Package များကို Diamond Package, Platinum Package, Gold Package, Silver Package, Pearl Package နှင့် Special Package for MFP ဟူ၍ ခြောက်မျိုးရှိကြောင်း၊ အကယ်၍ လက်ဆောင်ပစ္စည်းများကို မယူချင်ပါက ဈေးနှုန်းကို ကျပ် ၅၀၀၀၊ ကျပ်၁၀၀၀၀၊ ကျပ်၁၈၀၀၀၊ ကျပ် ၂၂၀၀၀ စသည်ဖြင့် မိမိတို့ဝယ်ယူသော purchase item နှင့် modelအမျိုးအစားပေါ် မူတည်ပြီး အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ TOSHIBA Multifunctional Copier များကို ဝယ်ယူ အားပေးသူများအား A4 Paper 2500 Sheets အပြင် ကျပ် ၇၅၀၀၀ တန်ဖိုးရှိသည့် Toner ကိုလည်း မေတ္တာလက်ဆောင် ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ Special Promotion အစီအစဉ်ကို ဒီဇင်ဘာ ၁၇ရက်မှ ဒီဇင်ဘာ ၃၁ရက်အထိ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကျင်းပ

အထူးခြားဆုံး အစီအစဉ်အနေဖြင့် ကျပ် သုံးသိန်းနှင့်အထက် ဝယ်ယူအားပေးသူများအား ကံစမ်းမဲများ လက်ဆောင်ပေးနေပြီး ပထမဆု TOSHIBA Notebook၊ ဒုတိယဆု TOSHIBA ရေခဲသေတ္တာ၊ တတိယဆု TOSHIBA တို့ ချီးမြှင့်ပေးသွားမည့်အပြင် နှစ်သိမ့်ဆုများအနေဖြင့် TOSHIBA rice cooker, TOSHIBA External Hard Drive, TOSHIBA Memory Stick, TOSHIBA Mouse စသည်တို့လည်း ပါဝင်ကြောင်း၊ ကံစမ်းမဲအစီအစဉ်အပြင် LUCKY BIRD သို့ ဝယ်ယူအားပေးစဉ် မိမိတို့နှင့်အတူ Visiting Cardများ တစ်ပါတည်းပါရှိပါက Data Collection Bowl အတွင်း ထည့်ထားခဲ့ကာ ကံစမ်းနိုင်ကြောင်း၊ ယင်း Visiting Card ကံစမ်းမဲအတွက်လည်း အထူးဆုအနေဖြင့် TOSHIBA အဝတ်လျှော်စက်အပြင် အခြားနှစ်သိမ့်ဆုများစွာကိုလည်း ထည့်သွင်းချီးမြှင့်သွားမည် ဖြစ်ကြောင်း၊ ကံစမ်းမဲဖွင့်ပွဲနှစ်ခုကို ဒီဇင်ဘာ ၃၁ရက်တွင် ရန်ကုန်မြို့ Sedona Hotel ဒဂုံခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရယူနိုင်

LUCKY BIRD Group of Companies Yangon အမှတ် ၁၀၃ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၃၉၉၀၁၁၊LUCKY BIRD Group of Companies Mandalay အမှတ် ၅၊ ၂၆လမ်း (၇၈လမ်းနှင့် ၇၉လမ်းကြား) မန္တလေးမြို့တို့အပြင် LUCKY BIRD Group of Companies Nay Pyi Taw အနောက်မြောက်ထောင့် သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇- ၄၁၄၁၁၃တို့သို့ ဆက်သွယ်စုံစမ်းကာ Special Promotion ရယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှမ်းစပါးစိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ ကျောက်မဲမြို့နယ်တွင် ကျင်းပ

ကျောက်မဲ ဒီဇင်ဘာ ၂၂

၂၀၀၈-၂၀၀၉ နွေစပါးထူးချွန်တောင်သူဆုချီးမြှင့်ပွဲနှင့် ၂၀၀၉-၂၀၁၀ နွေစပါးစိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာအုပ်စု မိုင်းတင်းရွာမ ဇရပ်ကြီးခန်းမ၌ ဒီဇင်ဘာ ၂၁ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်လေးက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်က နွေစပါးစိုက်ပျိုးမှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စက်မှုလယ်ယာဦးစီးအရာရှိ ဦးဝင်းမျိုးအောင်က လယ်ယာသုံး စက်ကိရိယာများသုံးစွဲမှုနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ရွှေက ၂၀၀၉-၂၀၁၀ မြို့နယ်နွေစပါးစိုက်ပျိုးမှုလျာထားချက်နှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမြတ်ကျော်က နွေစပါးစိုက်ပျိုးမှု အပြည့်အဝအောင်မြင်ရေးအတွက် နည်းပညာဆိုင်ရာများကိုလည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ပြည်နယ်အဆင့် ပထမဆုရရှိသူ မိုင်းတင်းအုပ်စု ဝေဘူကျေးရွာမှ နွေစပါးစိုက်တောင်သူ ဦးထွန်းအေးအား ၂၁လက်မ ရုပ်မြင် သံကြားစက် တစ်လုံးနှင့် ဂုဏ်ပြုလွှာကို ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ခရိုင်အတွင်းရေးမှူး ဦးစိုင်းစန်းလွင်က ပြည်နယ်အဆင့် (၁၁)၊ မြို့နယ်ဒုတိယဆုရ နားမွန်းကျေးရွာမှ နွေစပါးစိုက်တောင်သူ ဦးသာအောင်ကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်က မြို့နယ်အဆင့် တတိယဆုရ ဝေဘူကျေးရွာမှ နွေစပါးစိုက်တောင်သူ ဦးကောကျော်စံကိုလည်းကောင်း အသီးသီး ဂုဏ်ပြုလွှာနှင့် ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ၂၀၀၉-၂၀၁၀ နွေစပါးစိုက်ပျိုးရေးတာဝန်များကို မြို့နယ်ဥက္ကဋ္ဌက ကျေးရွာ စိုက်ကြပ်အဖွဲ့များသို့ ပေးအပ်ခဲ့သည်။

(လယ်ယာ/စိုက်ပျိုးရေး)

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း သင်တန်းဆင်းပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၂

မုဒုံမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်)သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ရက် နံနက် ၈နာရီခွဲက အဆိုပါ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သင်တန်း၌ ဆုရရှိကြသူများအား ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းဆင်း လက်ရာ အဝတ်အထည်များနှင့် ကြိမ်ဖြင့် ပြုလုပ်ထားသော အသုံးအဆောင် ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် တိုင်းမှူးသည် မုဒုံမြို့နယ် ဝင်းဖနုံဆည်သို့ ရောက်ရှိပြီး ဝင်းဖနုံဆည်မှ ထုံမန်ကွင်းတွင် မြောင်းလက်တက် ရေနုတ်မြောင်း တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် တိုင်းမှူးသည် ကမာဝက် ရေထိန်းတံခါးကို လည်းကောင်း၊ ကမာဝက်ကျေးရွာမှ မုဒုံမြို့နယ်ရှိ ကျေးရွာချင်းဆက်လမ်း ကြံခိုင်မှုအခြေအနေများကိုလည်းကောင်း၊ မုဒုံမြို့နယ် မိုန်ကနိမ်းကျေးရွာအုပ်စု ဟင်းသီးဟင်းရွက်စိုက်ခင်း၌ ပန်းဂေါ်ဖီပင်များ၊ တန်းကြား နေကြာကြာညှပ် စပေါင်း စိုက်ပျိုးနေမှုနှင့် စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲများ ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၂၂

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ နေပြည်တော်ရှိ အမှတ်(၁) အားကစားကွင်း၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ ပေါင်းလောင်း အားကစားကွင်း၌ တပ်မတော် (ရေ) အသင်းက အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၂

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၅၀)တွင် "Political Times" အထူးအချပ်ပိုအပါအဝင် ဘင်းမ်စတက်မှ အာရှအသိုင်းအဝိုင်းဆီအရွေ့ မြန်မာက ဘာတွေရလာနိုင်မလဲ မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိသည်။

ယင်းအပြင် ဆရာမောင်စူးစမ်း၏ လက်ငုတ်ဖြင့် မလုံလောက်ပြီ၊ ဆရာဦးကျော်ဝင်း၏ တတိယလိုင်း တတိယပုံစံ၊ ဆရာမောင်သာနု၏ ဘယ်ပါတီလဲ နိုင်ငံရေးငှက်ဖျားလား၊ ဆရာတိမ်ဦး၏ မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေးနယ်နိမိတ် တိုင်းတာသတ်မှတ်ရေး ကိုယ်တွေ့မှတ်တမ်း အခန်းဆက်ဆောင်းပါး စသည့် နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ် ဘယ်မောင်းများသာ တင်သွင်းရတော့မည်၊ ကြာသပတေးဂြိုဟ် သွားနှုန်းမြန်ခြင်း နေ၊ လ ကြတ်ခြင်းတို့ကြောင့် ၂၀၁၀ခုနှစ်တွင် စီးပွားရေးအောင်မြင်သောနှစ်ဖြစ်မည်ဟုဆို၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ယွမ်သန်း ၇၀၀တန် ကြယ်ငါးပွင့်ဟိုတယ် ရွှေလီတွင်ဖွင့်မည်၊ မိုးမြေချစ်သူ သရုပ်ဆောင်များ ဖေဖော်ဝါရီတွင် မြန်မာပရိသတ်နှင့်တွေ့မည်၊ ဟန်းဖုန်းအပါအဝင် လျှပ်စစ်လိုင်းများ၏ ဘေးထွက်ဆိုးကျိုးကာကွယ်သည့် စတေကာ ဈေးကွက်ရောက်လာ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အလှအပနှင့် ခွဲစိတ်ပြုပြင်ခြင်းအကြောင်း၊ သုံးမိနစ်မန်နေဂျာကဏ္ဍမှ အောင်မြင်သောနည်းဗျူဟာဆိုတာ၊ မဖြစ်နိုင်ဘူးထင်ပေမယ့် တကယ်ဖြစ်လာခဲ့တယ် ချန်းမီမီကိုနှင့်တွေ့ဆုံခြင်း စသည့် ဖျော်ဖြေရေးကဏ္ဍများ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ပေကျင်းမြို့တော် ရွှေ့ပြောင်းမည့် အရိပ်လက္ခဏာများရှိလာ၊ ရင်းနှီးမြှုပ်နှံသူတို့ ရွှေကို အလှအယက်ရင်းနှီးမြှုပ်နှံလာ၊ ပြည်ပမှ လာရောက်နေထိုင်သူများကို ဆွဲဆောင်မှုအရှိဆုံးနိုင်ငံများတွင် စင်ကာပူသည် စတုတ္ထနေရာတွင်ရှိ၊ ကလေးငယ်များ ဘေးရန်ကင်းကင်း အင်တာနက်အသုံးပြုတတ်စေရန် ဗြိတိန်ကျောင်းများတွင် သင်ကြားပေးမည်၊ အမျိုးသားများ ကော်ဖီတစ်ခွက် နေ့စဉ်ပုံမှန်သောက်ခြင်းဖြင့် ဆီးကျိတ်ကင်ဆာအန္တရာယ် ကာကွယ်နိုင်၊ ဆယ်ကျော်သက်အမျိုးသမီးငယ်တစ်ဦး ပြိုင်ကားအင်ဂျင်အတွင်း သူမ၏လည်စည်းပဝါညှပ်မိကာ လည်မျိုအစ် အသက်ရှုရပ်သေဆုံး မှုခင်းရေးရာ ကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ်သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းဆင်းပွဲအခမ်းအနား ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၂

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန မြန်မာနိုင်ငံသစ်တောကျောင်း (ပြင်ဦးလွင်မြို့) (၁၀၄)ကြိမ်မြောက် ကျောင်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ တပ်နယ်မှအရာရှိများ၊ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်နှင့် အရာရှိကြီးများ၊ သင်တန်းသားများ၏ မိသားစုများ တက်ရောက်ကြသည်။

ဆုပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဘက်စုံထူးချွန်ဆုရရှိသူ ကျောင်းသားအမှတ် (၈၈) ဦးဝင်းဆန်းနိုင်၊ ဘက်စုံဒုတိယ ထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၃၁) ဦးဘုန်းမြင့်ကို၊ အားကစားထူးချွန်ဆုရ ကျောင်းသားအမှတ်(၆၈) ဦးညီသဲအောင်၊ စစ်ရေးပြအကောင်းဆုံးတပ်ခွဲဆုရ တပ်ခွဲအမှတ်(၂)၊ တပ်ခွဲမှူးတို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းဆင်း အောင်လက်မှတ်ချီးမြှင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံ သစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ထူးချွန်ဆုရ ကျောင်းသားများအား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းက လှူဒါန်းသော သစ်တောကျောင်းဆရာများအတွက် ငွေပဒေသာပင် ကျပ်သိန်း ၂၀ကို အသင်းဥက္ကဋ္ဌ ဦးစိန်လွင်က ကျောင်းအုပ်ကြီးထံ ပေးအပ်သည်။

ယင်းနောက် တင်ဝင်းထွန်းကုမ္ပဏီမှ ဦးတင်ဝင်းက မြန်မာနိုင်ငံ သစ်တောကျောင်းနှင့် သစ်တောတက္ကသိုလ်တို့အတွက် ငွေကျပ် ၂၅သိန်းစီ၊ နန်ချွန်သစ်လုပ်ငန်း သင်တန်းကျောင်းနှင့် ဆင်ဆေးဝါး ရန်ပုံငွေအတွက် ငွေကျပ် ၂၅သိန်းစီ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀ကို သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာညီညီကျော်နှင့် မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဝေလင်းအောင်တို့ထံ ပေးအပ်သည်။

ထို့နောက် အတော်ဆုံးကျောင်းသားဆုနှင့် ထူးချွန်ဆု လေးဆု စုစုပေါင်း ဆုငါးဆုရရှိသော ဦးဝင်းဆန်းနိုင်အား တင်ဝင်းထွန်းကုမ္ပဏီမှ ဦးတင်ဝင်းက ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းအုပ်ကြီးက ကျောင်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုပေးအပ် ချီးမြှင့်

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘက်စုံ ထူးချွန်ဆု ရရှိသော ကျောင်းသားအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ-ဝ၉၌ Changhong, New Mobile ပစ္စည်းများ ခင်းကျင်းပြသမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၂၄ရက်မှ ၂၇ရက်အထိ ခင်းကျင်းပြသမည့် အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ-ဝ၉တွင် ထည်ဝါဝင်းကုမ္ပဏီက Changhong(ချန်းဟုန်) အဲယားကွန်း၊ TV များ၊ အဝတ်လျှော်စက်များ၊ New Mobile မှ GSM-CDMA Handset, (Fixed) ဖုန်းနှင့် ဆက်စပ်အပိုပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချမည်ဖြစ်သည်။ **(အပေါ်ပုံ)**

လက်ဆောင်ပေးမည်

ပြပွဲတွင် Changhong အမှတ်တံဆိပ် Air Con များမှ Split Type, Corner Ceiling,Ceiling Casette, Fan Coil (Duct), Window, Portable, Floor Standing, Air Curtain နှင့် ရာသီမရွေး အပူအအေး နှစ်မျိုးစလုံး အသုံးပြုနိုင်သော မီးစားသက်သာသည့် DC Inverter Split Type Air Con များ၊ Design စုံ၊ အရောင်အသွေးစုံ၊ အရည်အသွေးမြင့်မားကာ စွမ်းဆောင်ရည် အပြည့်အဝပေးဆောင်နိုင်ပြီး Sanyo, Hitachi, Toshiba, Daikin အစရှိသည့် Japanese Branded Compressor များကို အသုံးပြုထားသည့် Air Con များ၊ အဝတ်လျှော်စက်များ၊ TV များအနေဖြင့် 50", 42", 32", 22" Flat Pannel TV များနှင့် သာမန် CRT TV 21", 29" များကိုလည်း ထည့်သွင်းရောင်းချသွားမည်ဖြစ်သည်။ Changhong တံဆိပ် Electronic ပစ္စည်းများကို သုံးနှစ်အာမခံပေးထားပြီး ပြပွဲကာလအတွင်း ဈေးနှုန်းကို ၂၅ရာခိုင်နှုန်းအထိ လျှော့ချ ရောင်းချပေးသွားမည့်အပြင် နှစ်သစ်ကူးလက်ဆောင်များကိုလည်း ပေးသွားမည်ဖြစ်သည်။

စိတ်ကြိုက်ရွေးချယ်

Split Type Air Con များမှာ 0.5 Hp, 1 Hp, 1.5 Hp, 2 Hp, 3 Hp, 5 Hp အထိ ဝယ်ယူနိုင်ပြီး Window Air Con များမှ 0.5 Hp, 1 Hp,1.5 Hp, 2 Hp အထိ စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်မည်ဖြစ်သည်။

ထို့အပြင် New Mobile က ပစ္စည်းနှင့် အမျိုးအစားမှန် Handset အမျိုးမျိုးနှင့် အထိုင် Fixed ဖုန်းများကို ပြင်ပပေါက်ဈေးထက် ကျပ်ငါးထောင်မှ ကျပ်သုံးသောင်းအထိ လျှော့ဈေးဖြင့် ရောင်းချမည်ဖြစ်ပြီး ဝယ်သူများ စိတ်ကြိုက် နှစ်သက်ရာ Software, Application, Entertainment တို့ကို အခမဲ့ထည့်သွင်းပေးကာ အာမခံခြောက်လဖြင့် လက်လီဈေးနှုန်းနီးပါး အတိုင်း ရောင်းချပေးသည့်အတွက် သုံးစွဲသူများ နှစ်သက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆေးတက္ကသိုလ်(၂) အာစရိယ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ဆေးတက္ကသိုလ်(၂)တွင် ၁၉၈၅/၈၆/၈၇/၉၁ခုနှစ်များ၌ ပထမအမ်ဘီ စတင်တက်ရောက်ခဲ့ကြသော အတန်းများမှ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေးသွင်း

ကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် တက်ရောက်မည့်သူများအနေဖြင့် ဒေါက်တာအောင်နိုင်ဝင်း ဖုန်း-၀၉-၈၀-၂၀၀၇၉၊ ဒေါက်တာလွင်ဟန် ဖုန်း-၀၉-၅၀-၂၀၁၁၆၊ ဒေါက်တာမြသန္တာစိန် ဖုန်း-၀၉-၅၁-၀၉၄၅၀၊ ဒေါက်တာအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၃၅၅၇၇၊ ဒေါက်တာခင်ခင်စိုး ဖုန်း-၀၉-၅၁-၃၁၂၁၇၊ ဒေါက်တာခိုင်မာမြင့် ဖုန်း-၀၁-၅၃၅၇၇၄၊ ဒေါက်တာစိုးထွန်း ဖုန်း-၀၉-၅၀-၄၁၉၃၄၊ ဒေါက်တာသန်းသန်းနု ဖုန်း-၀၉-၅၁-၁၂၃၁၁၊ ဒေါက်တာနုနုလင်း ဖုန်း-၀၉-၅၁-၀၄၀၄၂၊ ဒေါက်တာမြင့်မြတ်ထွန်း ဖုန်း-၀၉-၅၀-၂၁၇၁၈၊ ဒေါက်တာမောင်မောင်လတ် ဖုန်း-၀၉-၅၀-၀၇၂၄၉နှင့် ဒေါက်တာဇော်ဇော်ဦး ဖုန်း-၀၉-၅၀-၂၇၆၅၂တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

(၅၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၀၆၉ ဆု ဖွင့်လှစ်မည်

နေပြည်တော် ဒီဇင်ဘာ ၂၂

(၅၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲ ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈နာရီမှ စတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ထီဖွင့်ပွဲတွင် ကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀ တစ်ဆု၊ ကျပ်သိန်း ၃၀၀ နှစ်ဆု၊ ကျပ်သိန်း ၂၀၀ ငါးဆု၊ ကျပ်သိန်း ၁၀၀ ၁၃ဆု၊ ကျပ် ၁၀သိန်း ၂၈၆ဆု၊ ကျပ်ငါးသိန်း သုံးဆု၊ ကျပ်သုံးသိန်း ၁၄၄ဆု၊ ကျပ်နှစ်သိန်းဆု ၁၂၆၀နှင့် ကျပ်တစ်သိန်း ၁၂၃၅၄ဆုအပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ဆုကို ထည့်သွင်းဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ်ပြာသိုလဆန်း(၈)ရက် (ဥပုသ်နေ့)
၂၃-၁၂-၂၀၀၉(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၀ ၇။ အကျိုးပြုအားမာန် ဆည်ရေလှောင်တမံ (ရင်းရှည်)
၈:၁၀ ၈။ အတီးပြိုင်ပွဲ
၈:၂၀ ၉။ **သတင်းကောင်း**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၁၅ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄:၂၀ ၄။ သီချင်းကြီးပဒေသာ
၄:၃၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
၄:၄၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄:၅၀ ၇။ **အိုးပိုင်အိမ်ပိုင်**
၅:၁၀ ၈။ တေးဂီတအစီအစဉ်
၅:၂၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၅ ၁၀။ ရုပ်ပါတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၁။ ညနေခင်းသတင်း

ကျောင်းနှင့် သစ်တောတက္ကသိုလ်တို့အတွက် ငွေကျပ် ၂၅သိန်းစီ၊ နန်ချွန်သစ်လုပ်ငန်း သင်တန်းကျောင်းနှင့် ဆင်ဆေးဝါး ရန်ပုံငွေအတွက် ငွေကျပ် ၂၅သိန်းစီ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀ကို သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာညီညီကျော်နှင့် မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဝေလင်းအောင်တို့ထံ ပေးအပ်သည်။

ထို့နောက် အတော်ဆုံးကျောင်းသားဆုနှင့် ထူးချွန်ဆု လေးဆု စုစုပေါင်း ဆုငါးဆုရရှိသော ဦးဝင်းဆန်းနိုင်အား တင်ဝင်းထွန်းကုမ္ပဏီမှ ဦးတင်ဝင်းက ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းအုပ်ကြီးက ကျောင်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုပေးအပ်ချီးမြှင့်

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘက်စုံ ထူးချွန်ဆု ရရှိသော ကျောင်းသားအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

...တက္ကသိုလ်(၂) ...ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

...င် ၁၉၈၅/၈၆/၈၇/၉၁ခုနှစ်များ၌ ပထမအမ်ဘီ...ဘ အတန်းများမှ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ...င် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပမည်

...က်သွယ်စာရင်းပေးသွင်း

...င်းသူများအားလုံး မပျက်မကွက် တက်ရောက်...မည့်သူများအနေဖြင့် ဒေါက်တာအောင်နိုင်ဝင်း... ဒေါက်တာလွင်ဟန် ဖုန်း-၀၉-၅၀-၂၀၁၁၆၊ ...း-၀၉-၅၁-၀၉၄၅၀၊ ဒေါက်တာအောင်ကျော်ဦး... ဒေါက်တာခင်ခင်စိုး ဖုန်း-၀၉-၅၁-၃၁၂၁၇၊ ...-၀၁-၅၃၅၇၇၄၊ ဒေါက်တာစိုးထွန်း ဖုန်း-၀၉-...ဉ်းသန်းနု ဖုန်း-၀၉-၅၁-၁၂၃၁၁၊ ဒေါက်တာ...၀၄၀၄၂၊ ဒေါက်တာမြင့်မြတ်ထွန်း ဖုန်း-၀၉-...မောင်မောင်လတ် ဖုန်း-၀၉-၅၀-၀၇၂၄၉နှင့် ...း-၀၉-၅၀-၂၇၆၅၂တို့သို့ ဆက်သွယ်စာရင်း...က်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

*** ကျောဖုံးမှ**

တိုင်းသုံးတိုင်းပေါင်းဆုံ

ပန်းတောင်းမြို့သည် ပြည်မြို့အနောက်ဘက် ၁၀မိုင်ခန့်အကွာတွင် တည်ရှိသည်။ သို့သော် ဧရာဝတီမြစ်ကူးတံတား(နဝဒေး)က မြို့နှစ်မြို့အကြား ပေါင်းကူးပေးထားသည်။ နဝဒေးတံတားကြီး ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ပန်းတောင်းမြို့နယ်သည်လည်းကောင်း၊ ရခိုင်ပြည်နယ်သည်လည်းကောင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပေသည်။ ဤပန်းတောင်းမြို့သည် အနောက်ဘက်တွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်နှင့်လည်းကောင်း၊ မြောက်ဘက်၌ မကွေးတိုင်း ကံမမြို့နှင့်လည်းကောင်း၊ တောင်ဘက်ဝယ် ဧရာဝတီတိုင်း ကြံခင်းမြို့နှင့်လည်းကောင်း နယ်နိမိတ်များထိစပ်လျက်ရှိသဖြင့် တိုင်းသုံးတိုင်းပေါင်းဆုံရာမြို့ဟု ဆိုကြပေသည်။

လမ်းပန်းဆက်သွယ်ရေး

ဤသို့ တိုင်းသုံးတိုင်း ပေါင်းဆုံရာမြို့ဖြစ်ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးမှာလည်း ကောင်းမွန်လှသည်။ ပန်းတောင်း-တောင်ကုတ်ကားလမ်း၊ ပုသိမ်- မုံရွာ ကားလမ်းတို့သည် ပန်းတောင်းမြို့၏ အဓိက ကားလမ်းမကြီးများဖြစ်သည်။ ရထားလမ်းမှာလည်း ကြံခင်း-ဥသျှစ်ပင် လမ်းနှင့် ဥသျှစ်ပင်-ကံမလမ်းတို့မှာ ပန်းတောင်းမြို့အနီးမှ ဖြတ်သန်းဖောက်လုပ်ထားသဖြင့် ဒေသနေပြည်သူများ သွားလာမှုလွယ်ကူ ချောမွေ့စေခဲ့သည်။

2009-2010 ဘဏ္ဍာရေးနှစ်တွင် မိုးစပါးစိုက်ပျိုးမှု ၇၃၄၉၂ ဧက၊ နွေစပါးစိုက်ပျိုးရန်လျာထားမှု ဧက၄၆၀၀ ဖြစ်သည်။ ဆီထွက်သီးနှံအဖြစ် မြေပဲကို အဓိကစိုက်ပျိုးသည်။ နှမ်းနှင့် နေကြာကိုလည်း စိုက်ပျိုးသည်။ ယခင်နှစ်က မိုးနှင့်ဆောင်းမြေပဲ စိုက်ဧက ၁၂၅၀၄ဧက ရှိသည်။

အောင်မြင်

ပဲမျိုးစုံစိုက်ပျိုးမှုမှာ ယမန်နှစ်က မတ်ပဲ ၉၄၁၂ ဧက၊ ပဲတီစိမ်း ၅၀၄၇ ဧက၊ ပဲစင်းငုံ ၄၉၈၆ ဧကရှိသည်။ ထို့အပြင် ဝါဂွမ်းကိုလည်း ယမန်နှစ်က ငွေချည်(၆) စတင် စမ်းသပ်စိုက်ပျိုးခဲ့ရာမှ အောင်မြင်မှုရှိသဖြင့် ယခုနှစ်တွင် ကျေးရွာ ၃၅အုပ်စု၌ ၂၂၄၅ဧက စိုက်ပျိုးထားကြောင်း သိရသည်။ ယမန်နှစ်က ထိုဒေသ၏ ငွေချည်(၆) ဝါဂွမ်း တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ပိဿာ ၅၀၀ကျော် ဖြစ်သည်။ တစ်ပိဿာလျှင် ကျပ် ၁၀၀၀နှုန်းဖြင့် ရောင်းချရသဖြင့် တစ်ဧကစိုက်ပါက ကျပ်ငါးသိန်း ရရှိနိုင်မည်ဖြစ်သည်။ နည်းမှန်၊ မျိုးမှန်၊ မြေမှန်လျှင် တစ်ဧက ပိဿာချိန် ၁၀၀၀ကျော်အထိ ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အကောင်းဆုံး

ထို့ကြောင့်ပင် ပန်းတောင်းမြို့နယ်၏ စီးပွားရေးနှင့်ပတ်သက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်က "ကျွန်တော်တို့ ပန်းတောင်းမြို့ဟာ စိုက်ပျိုးရေး အခြေခံကောင်းများကြောင့် 2008-2009 ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ဂျီဒီပီ အကောင်အထည်ဖော်နိုင်မှု ၁၀၇ ဒသမ ၆ရာခိုင်နှုန်း ရှိပါတယ်။ ဒီတိုးတက်မှုဟာ ပဲခူးတိုင်းမှာ အကောင်းဆုံး မြို့နယ်ဖြစ်ပါတယ်" ဟု ဆို၏။

ပန်းတောင်းမြို့လယ်ရှိ မြို့နယ်စည်ပင်မှ ထပ်ပိုးကတ္တရာလမ်းခင်းထားသော လမ်းတစ်လမ်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

"ပန်းတောင်းမြို့နယ်ဟာ စီးပွားရေးတိုးတက်မှု အကောင်းဆုံး မြို့နယ်ဖြစ်ပါတယ်"

ဦးကျော်တင့်
ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

ကျေးလက်လမ်း

ထို့အပြင် ပန်းတောင်းမြို့သည် မြို့ပြနှင့် ကျေးလက် အချိုးညီမျှစွာ ဖွံ့ဖြိုးနေသော မြို့ဟူ၍လည်း ဆိုထိုက်ပေသည်။ ပန်းတောင်းမြို့နယ်စည်ပင်မှ မြို့တွင်း သန့်ရှင်း သာယာလှပရေးအတွက် မြို့တွင်းလမ်းနှင့် တံတားများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ကျေးလက်လမ်းနှင့် ကျေးရွာများ သောက်သုံးရေရရှိရေး ဖြည့်ဆည်းပေးလျက် ရှိသည်။ ပန်းတောင်းမြို့နယ် စည်ပင်အရာရှိ ဦးစိုးမြင့်က "ကျွန်တော်တို့ ပန်းတောင်းမြို့နယ်စည်ပင်အနေနဲ့ မြို့တွင်းသန့်ရှင်းသာယာလှပရေး၊ လမ်းနှင့်တံတားများ တိုးတက် ကောင်းမွန်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် ကျေးလက်နှင့် မြို့ပြ ဆက်သွယ်သောလမ်းများ၊ တံတားများနှင့် ကျေးလက်ပြည်သူတို့ သန့်ရှင်းသော သောက်သုံးရေရရှိရေးကိုလည်း ဖြည့်ဆည်းပေးနေပါတယ်" ဟု ပြောကြားသည်။

ပညာရေး

ပြီးခဲ့သည့် 2008-2009 ပညာသင်နှစ်တွင် ပန်းတောင်းမြို့၏ တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ကျောင်းသားကျောင်းသူ ၁၈၆၀အနက် ၆၆၆ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက် ရာခိုင်နှုန်း ၃၅ဒသမ ၈ ရာခိုင်နှုန်းရှိသည်။ ဤသို့ အောင်ချက်ကောင်းရခြင်းမှာ မိဘ၊ ဆရာပူးပေါင်း ကလေးပညာရေးကောင်း ဆိုသကဲ့သို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင်ပြည်သူများ၏ ဝိုင်းဝန်းပံ့ပိုးမှုဖြင့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့် သင်ကြားပေးနိုင်ခဲ့မှုကြောင့်ပင် ဖြစ်သည်။ ပန်းတောင်းမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ငါးကျောင်း၊ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်းရှိကြောင်း သိရသည်။ ယခုနှစ်တွင်လည်း ပန်းတောင်းမြို့၏ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်လျက် လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး ဘာသာရပ်အလိုက် ဆရာ ဆရာမများက အနီးကပ် အထူးသင်တန်းများ၊ အစမ်းဖြေဆိုမှု စာမေးပွဲများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ ပန်းတောင်းမြို့နယ်သည် တပ်မတော်အစိုးရလက်ထက်တွင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ရာ ဖွံ့ဖြိုးမှုပိုလို့ကောင်း မြို့ပန်းတောင်းဟူ၍သာ ဆိုလိုက်ချင်ပါတော့သည်။ ။ **(မြန်မာ့အလင်း)**

ပန်းတောင်းမြို့၏ အဝင်လမ်းမကြီးနှင့် မြို့ဝင်ဆိုင်းဘုတ်ကို ဤသို့ သပ်ရပ်လှပစွာ တွေ့ရသည်။
(မြန်မာ့အလင်း)

ပန်းတောင်းမြို့သည် ပြည်မြို့အနောက်ဘက် ၁၀မိုင်ခန့်အကွာတွင် တည်ရှိ။ သို့သော် ဧရာဝတီမြစ်ကူးတံတား(နဝဒေး)က မြို့နှစ်မြို့အကြား ပေါင်းကူးပေးထား။ နဝဒေးတံတားကြီး ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ပန်းတောင်းမြို့နယ်သည်လည်းကောင်း၊ ရခိုင်ပြည်နယ်သည်လည်းကောင်း ပိုမိုဖွံ့ဖြိုး တိုးတက်လာခဲ့။

...ကြား

၈း၂၀	၉။	**သတင်းကောင်း**
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အဆိုပြိုင်ပွဲ
၄း၁၅	၃။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၂၀	၄။	သီချင်းကြီးပဒေသာ
၄း၃၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
၄း၄၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၅၀	၇။	**အိုးပိုင်အိမ်ပိုင်**
၅း၁၀	၈။	တေးဂီတအစီအစဉ်
၅း၂၅	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၃၅	၁၀။	ရုပါတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	မြန်မာ့ဓလေ့ ရိုးရာလက်ဇော့
၆း၃၀	၁၄။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၀၀	၁၅။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၃၀	၁၆။	အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၅)
	၂၁။	မြန်မာရုပ်ရှင် **ဒဏ္ဍာရီ** ဇင်ဝိုင်း၊ ထွန်းထွန်းနိုင်၊ မေသန်းနု (ဒါရိုက်တာ-မောင်တင်ဦး)
	၂၂။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၂၂

တီမွေးကုတက္ကသိုလ်(ရန်ကုန်) မြတ်ဆရာပူဇော်မည်

ရန်ကုန်အင်းစိန်တီမွေးကုတက္ကသိုလ်၌ ၁၉၇၂-၁၉၇၇စာသင်နှစ်အတွင်း ကျောင်းသားကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M-3 Food Centre ၌ ကျင်းပရန် စီစဉ်ထားသည်။

အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ

အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၀၉ခုနှစ် ရန်ကုန်တိုင်း စတုတ္ထအကြိမ် အခြေခံပညာ ကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ဒီဇင်ဘာ ၂၂ရက်မှ ၂၇ရက်အထိ ကျင်းပလျက်ရှိသည်။

သာကေတမြို့တည် ရွှေရတုအထိမ်းအမှတ် ကျွန်းမြသာမဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ သာကေတမြို့တည် နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် "ကျွန်းမြသာ" မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိထားသည်။

အထက(၁)တောင်ဥက္ကလာ ရွှေရတုမဂ္ဂဇင်းထုတ်ဝေ

တောင်ဥက္ကလာပမြို့နယ် အထက(၁)၏နှစ် ၅၀ပြည့်အထိမ်းအမှတ်အဖြစ် ရွှေရတုမဂ္ဂဇင်းကို အငြိမ်းစားဆရာ ဆရာမကြီးများ၏ဆောင်းပါး၊ ကဗျာများ၊ ကျောင်းသားကျောင်းသူဟောင်းများနှင့် စာရေးဆရာကြီးများ၏ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများဖြင့် သုတ၊ ရသစုံလင်စွာ ထုတ်ဝေထားပြီး ဖုန်း-၅၆၁၄၄၂နှင့် ၅၇၇၃၂၈တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

အထက ကျွန်းလှ မြတ်ဆရာပူဇော်ပွဲ

အထကကျွန်းလှမြို့၏တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

အထက(၆) ဗိုလ်တထောင် ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

အထက(၆)ဗိုလ်တထောင်(ယခင်စိန့်ပေါလ်)တွင် ၁၉၆၅ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော သက်ပြည့်အငြိမ်းစားယူခဲ့သည့် ဆရာ ဆရာမများအား ကျောင်းသားဟောင်းများ၏မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် မတ် ၂ရက်၌ ကျင်းပမည်ဖြစ်သည်။

အိုင်စီတီပြပွဲ ရတနာပုံတယ်လီပို့၌ ခင်းကျင်းပြသမည်

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ကြီးမှူး၍ ပြည်တွင်းပြည်ပကုမ္ပဏီများ ပါဝင်ပြသမည့် The 8th Myanmar ICT Week ပြပွဲကို မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံတယ်လီပို့ ရတနာပုံ Cyber Hall ၌ ဒီဇင်ဘာ ၂၆ရက်မှ ၃၀ရက်အထိ ခင်းကျင်းပြသမည်ဖြစ်သည်။

နေပြည်တော် ယာဉ်နှင့်လမ်းစည်းကမ်းပြပွဲ၊ ပြိုင်ပွဲ

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ပြပွဲ၊ ပြိုင်ပွဲကို နေပြည်တော်ပျဉ်းမနားမြို့ အောင်မင်္ဂလာကားဝင်း၌ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၁၀ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲရက်အတွင်း တေးဂီတဖျော်ဖြေပွဲများ၊ အခြားဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်သည်။

ကျောက်ဖြူအသင်း(ရန်ကုန်) မြတ်ဆရာပူဇော်မည်

ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံစေတီအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်ခင်းကျင်းမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်ကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်(စနေနေ့) နံနက် ၁၀ နာရီခွဲတွင် အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဝင်း၌ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး မြန်မာ့ရေထွက်ပစ္စည်း ထုတ်ကုန်မျိုးစုံကို ဇန်နဝါရီ ၄ရက်အထိ ခင်းကျင်းပြသ ရောင်းချမည်ဖြစ်သည်။

ပုလောအသင်း(ရန်ကုန်) နှစ်ပတ်လည် စည်းဝေးမည်

ပုလောမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၀ရက် (စနေနေ့)တွင် ရွှေတိဂုံစေတီ အရှေ့ဘက်မုခ် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။ ။ *(မြန်မာ့အလင်း)*

စုစည်းရေးသားသူ-ဝင်းကျော်

23-12 (08-09).pmd 2 12/23/2009, 1:39 AM

ဂုဏ်ပြု ကြိုဆိုပါသည် သမားဇာနည်အောင်စစ်သည်

ခိုင်သစ္စာ (စိတ်ပညာ)

မြောက်လေအေးအေး နှင်းဖွေးဖွေးနှင့် ချစ်စရာဆောင်းရာသီကာလ ဒီဇင်ဘာလပင် ရောက်ခဲ့ပြန်ပါပြီ။ ဒီဇင်ဘာလသည် ဥတုရာသီအေးချမ်းသာယာ လှသကဲ့သို့ ခါတော်မီပွင့်လန်း ရာသီပန်းမျိုးစုံတို့၏ အလှကျက်သရေ တင့်လှပေဟန် ပန်းချီကားတစ်ချပ်သဏ္ဌာန် ရှုမငြီးရုံမျှမက ပန်းရနံ့တို့သည်လည်း ကြိုင်သင်းမွှေးပျံ့နေသည့် အခါသမယဖြစ်ပေသည်။

ဤသို့သော အေးချမ်းလှပသည့် ဒီဇင်ဘာလအခါသမယတွင် ကျွန်မချစ်သော တစ်နည်းဆိုရသော် ပြည်သူချစ်သော ပြည်သူ့သားကောင်း တပ်မတော်သား ခေါင်းဆောင်ငယ်ပေါင်း များစွာကို မွေးဖွားပေးလေသည်။ အကယ်စင်စစ် တပ်မတော်သားအားလုံးသည် ပြည်သူတွေက မွေးဖွားလိုက်သည့် ပြည်သူ့သား များပင် ဖြစ်ပါသည်။ စာရေးသူအနေဖြင့် နိုင်ငံတော်ကိုချစ်သည်၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အသက်ကိုအပ်နှင်း၍ အကာအကွယ်ပေးနေသော၊ အလုပ်အကျွေးပြုနေသော တပ်မတော်သားများကိုလည်း ချစ်သည်။ တပ်မတော်ကိုလည်း ချစ်သည်။ ထို့ကြောင့်ပင် ယခုကဲ့သို့ ရာသီဥတုအေးအေး နှင်းဖွေးဖွေးနှင့် ဆောင်းရာသီဖြစ်သော ဒီဇင်ဘာလတွင် (D.S.A)စစ်တက္ကသိုလ်၊ (D.S.T.A)တပ်မတော်နည်းပညာတက္ကသိုလ်၊ (D.S.M.A) တပ်မတော်ဆေးတက္ကသိုလ် တို့၏ ကျောင်းဆင်းပွဲများကို မိမိအိမ် T.V ရှေ့မှာ ကြိုတင်စောင့်မျှော် ကြည့်ရှုရ သည်မှာ နှစ်စဉ် နှစ်တိုင်းပင်ဖြစ်ပါသည်။ ဝတ်စုံဖြူလေးများနှင့် ညီညာဖြိုဖြို စည်းကမ်းကျနစွာ စစ်ရေးပြနေသော သားလှဗိုလ်လောင်းများကို တွေ့မြင်ရတိုင်း ကြည်နူးအားကျ ဂုဏ်ယူရပါသည်။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်းကျောင်းဆင်းပွဲ၌ ကျောင်းဆင်းဗိုလ်လောင်း မိဘများအနေဖြင့်လည်း ကိုယ်တိုင် တက်ရောက်ခွင့်ရပြီးခဲ့လေပြီ။ သားလှလူမွန် လူရည်ချွန် **"သမားဇာနည် အောင်စစ်သည်"**တို့အတွက် ဝမ်းသာပီတိ ဂုဏ်ယူမိသည်မှာ အတိုင်းမသိပင် ဖြစ်ပါသည်။

ယခု ၂၀၀၉ခုနှစ် ဒီဇင်ဘာလဆန်းမှာဖြင့် ပြင်ဦးလွင်တွင် စစ်တက္ကသိုလ် (D.S.A) နှင့် တပ်မတော်နည်းပညာတက္ကသိုလ် (D.S.T.A)တို့ ကျောင်းဆင်းကြလေပြီ။ မကြာမီ (D.S.M.A) တပ်မတော်ဆေးတက္ကသိုလ် အပတ်စဉ်(၁၁) ဗိုလ်လောင်းများ ကျောင်းဆင်းကြပေတော့မည်ကို တွေးမျှော် ရည်မှန်းကာ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၆ရက်နေ့က ကျင်းပခဲ့သည့် တပ်မတော်ဆေးတက္ကသိုလ် အပတ်စဉ်(၁၀) သင်တန်းဆင်းပွဲကို ပြန်လည်သတိရ မြင်ယောင်မိပါသည်။

နံနက် ဖနောရီတွင် သင်တန်းဆင်းဗိုလ်လောင်းများသည် အခမ်းအနားကျင်းပရာ စစ်ရေးပြစုရပ်သို့ ရောက်ရှိနေရာယူပြီး ဖြစ်လေသည်။ နံနက် ၇နာရီ တိတိအချိန်တွင် ဗိုလ်လောင်းများသည် စစ်ရေးပြကွင်းသို့ စစ်တီးဝိုင်း အတီး အမှုတ်ဖြင့် **"သမားဇာနည် အောင်စစ်သည်"**သီချင်း သံပြိုင်ဟစ်ကြွေးသီဆိုကာ စစ်ချီဝင်ရောက် လာလေသည်။

အားမာန်အပြည့်နှင့် စည်းကမ်းတကျ ညီညွတ်လှစွာ ချီတက်လာပုံကို ကြည့်ရသည်မှာ "ပညာရဲရင့်ပွဲလယ်တင့်"သို့ ပညာထွန်းတောက် အားကိုးလောက်သော "သမားဇာနည် အောင်စစ်သည်"များပါလားဟု ဂုဏ်ယူဝင့်ကြွားမိပါသည်။ စာရေးသူဖတ်ဖူးသည့် စစ်သည်တော်ဟောင်းကြီးတစ်ဦး ရေးသားပြောဆိုခဲ့သည့် "ငါ့သားများစစ်ထဲဝင်ရင်လေ သူ့ကိုပြောလိုက်စမ်းပါကွာ၊ စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင်၊ တကယ့်ယောက်ျားမြတ်ဖြစ်စေနိုင်တဲ့ တရားတွေကို သင်ကြားပေးတဲ့ကျောင်းကြီးပေါ့"ဟူသောစကားကို သတိရမိပါသည်။ မှန်လိုက်တဲ့စကားဟူ၍လည်း နှုတ်မှတိုးတိုးလေး ပြောထွက်ထောက်ခံခဲ့မိပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးများဖြင့်အောင်မြင်ပြီး ဆေးတက္ကသိုလ် (၁)သို့ တက်ခွင့်ရသော်လည်း တပ်မတော်ကိုချစ်သော ဖခင်နှင့် မိခင်တို့၏ အလိုဆန္ဒနှင့် တစ်ထပ်တည်းကျအောင် တပ်မတော်ဆေးတက္ကသိုလ်သို့ တက်ရောက်ရန် ရွေးချယ်ခဲ့သော သားလိမ္မာပါတည်း၊ ဆေးတက္ကသိုလ်(၁)သို့ အတူတက်ခွင့်ရသော သူငယ်ချင်းများက "မင်းအစ်မလည်း ဆေး(၁)မှာရှိပြီးသား၊ ငါတို့နဲ့အတူ ဆေး(၁)မှာ အတူတက်ပါလား၊ လွတ်လွတ်လပ်လပ်ရှိတာပေါ့ကွာ" ဟူ၍ ပြောလာသည်ကိုပင် စိတ်ထားမပြောင်း၊ မိမိရွေးချယ်သည့် လမ်းကြောင်းပေါ်ကို မရရအောင်၊ မရောက်ရောက်အောင် ကြိုးစားခဲ့ပါသည်။ ရွေးချယ်သည့် လမ်းကြောင်းကလည်း အကောင်းဆုံးဖြစ်ခဲ့ပါသည်။ မိမိရည်မှန်းချက်အတွက် မလျှော့သော ဖွဲ၊ လုံ့လ၊ ဝီရိယတို့ကြောင့်လည်း ယနေ့ပညာပြည့်ဝ နှလုံးလှသော **"သမားဇာနည် အောင်စစ်သည်"**အဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့လေပြီ။

စာရေးသူသာမက အခြားကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘတိုင်းသည်လည်း ဖွဲနှင့်ရည်မျှော် သားလူတော်တို့အတွက် ပြုံးပန်းတဝေဝေ ရှိကြပေသည်။ သား၏ ဖေဖေသည်လည်း တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီးချိန်မှစ၍ သံသေတ္တာထဲတွင် ထည့်သိမ်းထားသော အခမ်းအနားဝတ်စုံကို ဂုဏ်ယူဝင့်ကြွားစွာ ဝတ်ဆင်လျက် "ဒါငါ့သား ဗိုလ်လောင်းသင်တန်းဆင်းလို့ ဝတ်ရတာကွ"ဟူ၍ ကြည်နူးစွာ ပြောဆိုနေပါသည်။ "သားသမီးမကောင်း၊ မိဘခေါင်း"ဟု ဆိုစကားရှိငြားလည်း၊ သားသမီးကောင်းတော့ သားသမီးအတွက် မိဘဂုဏ်တက်ရသည်များ ရှိပါလားဟု သားလှလူမွန် လူရည်ချွန်တို့အတွက် တွေးမိလျက်သား ဖြစ်သွားပါသည်။

နံနက် ၇ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းအပါအဝင် စစ်ဘက်အရာရှိကြီးများ ရောက်ရှိလို့ လာပါသည်။ "တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တက်ရောက်ချီးမြှင့်တာ နည်းတဲ့ဂုဏ်လား မေမေ့သားရယ်"လို့ ပီတိစကား စိတ်ထဲမှ ပြောကြားမိပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစကားများသည် များစွာ တန်ဖိုးရှိလှပေသည်။ တပ်မတော်သား ဆေးဝန်ထမ်း ဆရာဝန်များဖြစ်သည်နှင့်အညီ တာဝန်ကျရာ တပ်ရင်းတပ်ဖွဲ့အသီးသီးမှာ တပ်မတော်သားတွေနဲ့ မိသားစုဝင်တွေရဲ့ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းတာဝန်များကို အဓိက ထမ်းဆောင်ရမှာ ဖြစ်တယ်။ ထို့အပြင် ပြည်သူတွေရဲ့ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုတွေကိုလည်း လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး ဆောင်ရွက်ပေးကြရမယ်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေးဆိုတဲ့ ရည်မှန်းချက်ကို အကောင်အထည်ဖော်တဲ့နေရာမှာ ရဲဘော်တို့အနေနဲ့ နိုင်ငံတော်ကချမှတ်ထားတဲ့ အမျိုးသားကျန်းမာရေး စီမံကိန်းတွေမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ရင်း ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်တွေ ထမ်းဆောင်သွားကြရမှာ ဖြစ်တယ်--စသည်ဖြင့် မှာကြားသွားပါသည်။

ထို့အပြင် **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အမှာစကားတွင် "သမားဇာနည် အောင်စစ်သည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ "ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပြီး လက်ရုံးရည် နှလုံးရည်ပြည့်ဝသော ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြပါ။ ခေတ်သစ်စစ်ပွဲတွေကို စစ်ပညာနှင့် ဆေးပညာရှုထောင့်က အမြဲမပြတ်ဆည်းပူးလေ့လာပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အသင့်ဖြစ်နေအောင် ဆောင်ရွက်ကြပါ။ တာဝန်ကျရာအရပ်ဒေသက အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေမှာ အင်တိုက်အားတိုက်ပါဝင်ပြီး ကျစ်လျစ်ခိုင်မာသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြပါ"ဟူ၍လည်း တိုက်တွန်းမှာကြားသွားပါသည်။**

စာရေးသူသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းအမှာစကားများကို နားထောင်ပြီး တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဆင်း ဗိုလ်လောင်းများအတွက် အတိုင်းမသိ ဂုဏ်ယူမိပါသည်။ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းတော်ကြီးမှ သင်ကြားပေးလိုက်သော ဆေးပညာ၊ စစ်ပညာများကို အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့ခြင်းကြောင့် အောင်မြင်မှုရပြီး ဆေးပညာဘွဲ့ကို အပ်နှင်းခြင်းခံရပေပြီ။ ဆေးဘက်ဆိုင်ရာ အရာရှိများအဖြစ် တာဝန်ယူဆောင်ရွက်ရပေတော့မည်။ ဆရာဝန်ဟူသည် လူနာများအတွက် "စေတနာ၊ အကြင်နာ၊ ကရုဏာ၊ အနစ်နာ၊ ဝါသနာ"ဟူသည့် နာ(၅)နာနှင့် ပြည့်စုံရပေမည်။ တပ်မတော်ဆေးအရာရှိများသည် ထိုနာ(၅)နာအပြင် "ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်"ဆိုသော ဆေးတပ်ဖွဲ့၏ ရည်မှန်းချက်အတိုင်း ကျန်းမာရေး စောင့်ရှောက်မှုများကို "စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"ဆိုသော ဆောင်ပုဒ်နှင့်အညီ စေတနာထား စောင့်ရှောက်ကြရပေသည်။

ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုလည်း ကျရာကဏ္ဍမှ ထမ်းဆောင်ရာ၌ "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"ဟူသော သစ္စာလေးချက်ကို ဦးထိပ်ရွက်ထမ်းဆောင်ရမည့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသော တပ်မတော်သားများလည်း ဖြစ်ပါသည်။ တစ်နည်းဆိုရသော် "သမားဇာနည် အောင်စစ်သည်"တို့သည် ဆရာဝန်ဟူသော တာဝန်အပြင် အရာရှိကောင်းတစ်ယောက်၏ တာဝန်ဟူသော တာဝန်နှစ်ရပ်ကို ထမ်းဆောင်ကြရပေသည်။

၂၀၀၈ခုနှစ် မေ ၂ရက်နေ့တွင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မကြုံစဖူး ပြင်းထန်လှသော နာဂစ်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပါသည်။ ထိုနာဂစ် ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူနှင့် တိရစ္ဆာန် အမြောက်အမြား သေကျေပျက်စီးသကဲ့သို့ ဒဏ်ရာရရှိသူများလည်း များပြားလှပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် တပ်မတော်၏ အစဉ်အလာကောင်းနှင့်အညီ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြည်သူ့အရေးအတွက် ကိုယ်ကျိုးစွန့်၊ အနစ်နာခံပြီး စေတနာအပြည့်အဝနှင့် သယ်ပိုးဆောင်ရွက်ခဲ့ကြပေသည်။ **တပ်မတော်ဆေးအရာရှိများသည် နာဂစ်မုန်တိုင်း တိုက်ခတ်ခံခဲ့ရသော ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ စသောနေရာများသို့ ကိုယ့်ရိက္ခာ ကိုယ်စား၊ ကိုယ့်ဆေး ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်ဖောက်ပြီး အစွန်အဖျားဒေသတွေအရောက် မိုးထဲ လေထဲ ရေထဲမှာ လူးလာခေါက်တုံ့သွားရင်း ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများနှင့် ကူးစက်ရောဂါ ကာကွယ်ရေးများအား နေ့မအား ညမနား လုပ်ဆောင်ခဲ့ကြသည်ကို အများပြည်သူတို့ တွေ့ရှိခဲ့ကြရပေသည်။ ထိုသို့ ဆေးတပ်ဖွဲ့ဝင်များ၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုကြောင့် တပ်မတော်သားများ၏ နိုင်ငံနှင့်လူမျိုးအပေါ်ထားရှိသော စေတနာနှင့် သစ္စာတရားကို ပြည်သူများသာမက နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့တွေကပါ အသိအမှတ်ပြု ချီးကျူးပြောကြားခဲ့ကြရပေသည်။**

စာရေးသူမှာ "သမားလူတော်၊ ပွဲတိုင်းကျော်"တို့၏ ပညာပြည့်ဝ နှလုံးလှပုံကို ကြားသိတွေးမိလျက် ဝမ်းသာပီတိ ဂုဏ်ယူမိရသည်နှင့်အမျှ တော်ဝင်သနပ်စင်ပန်းတို့ ပွင့်လန်းသည့် ဆောင်းလအခါသမယ ဒီဇင်ဘာတွင် သင်တန်းဆင်းကြမည့် **"သမားဇာနည် အောင်စစ်သည်"**များကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

(သမားဇာနည် အောင်စစ်သည်များအားလုံးသို့ ဂုဏ်ပြုလျက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အမှာစကားတွင် "သမားဇာနည် အောင်စစ်သည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ "ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပြီး လက်ရုံးရည် နှလုံးရည်ပြည့်ဝသော ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြပါ။ ခေတ်သစ်စစ်ပွဲတွေကို စစ်ပညာနှင့် ဆေးပညာ ရှုထောင့်က အမြဲမပြတ် ဆည်းပူးလေ့လာပြီး နိုင်ငံတော်ကာကွယ်ရေး အတွက် အသင့်ဖြစ်နေအောင် ဆောင်ရွက်ကြပါ။ တာဝန်ကျရာ အရပ်ဒေသက အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေမှာ အင်တိုက်အားတိုက် ပါဝင်ပြီး ကျစ်လျစ်ခိုင်မာသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြပါ"ဟူ၍လည်း တိုက်တွန်းမှာကြားသွားပါသည်။

ကန်တော့ခံ သက်ကြီး စာပေပညာရှင်များအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့

နေပြည်တော် ဒီဇင်ဘာ ၂၂

၁၃၇၁ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ အခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်ကြသော သက်ကြီးစာပေပညာရှင်များအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့လျက်ရှိရာ ဒီဇင်ဘာ ၁၆ရက် နံနက် ၁၁နာရီမှစ၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြတ်ခိုင်(မြတ်ခိုင်)နှင့် ဦးခင်ဆွေ(ရွှေစွန်ညို)တို့အဖွဲ့သည် မရမ်းကုန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် သင်္ဃန်းကျွန်းမြို့နယ်များရှိ သက်ကြီးစာပေပညာရှင် ခုနစ်ဦးအား အိမ်တိုင်ရာရောက်လိုက်လံ၍ ငွေသား ကျပ် ၁၅၀၀၀၀ နှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

အိမ်တိုင်ရာရောက်

ရန်ကုန် စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သော ကျန်ရှိသည့်မြို့နယ်များမှ သက်ကြီးစာပေပညာရှင်များအား သက်ဆိုင်ရာက အိမ်တိုင်ရာရောက် ဆက်လက်ကန်တော့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် အဖွဲ့ဝင်များ သက်ကြီး စာပေ ပညာရှင်များအား အိမ်တိုင်ရာရောက် လိုက်လံ ကန်တော့စဉ်။

(သတင်းစဉ်)

ဖီဖာအကောင်းဆုံးဆု မက်ဆီ နှင့်မာတာဆွတ်ခူး

ရေးသားသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း

မက်ဒရစ် ဒီဇင်ဘာ ၂၂

၂၀၀၉ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၁ရက်က ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင်ကျင်းပရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ဘာစီလိုနာနဲ့ အာဂျင်တီးနား တိုက်စစ်မှူးမက်ဆီကို ရွေးချယ်ဆုချီးမြှင့်လိုက်ပြီ ဖြစ်ပါတယ်။

စွမ်းဆောင်

အသက် ၂၂နှစ်အရွယ်သာရှိသေးတဲ့ မက်ဆီဟာ ဘာစီလိုနာအသင်းကို ချန်ပီယံလိဂ်ဖလား၊ လာလီဂါဖလား၊ စပိန်ဘုရင့်ဖလားနဲ့ ကမ္ဘာ့ကလပ်ဖလားတွေ ဆွတ်ခူးနိုင်အောင် ထူးထူးခြားခြား ခြေစွမ်းပြ စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။

ရွေးချယ်

အခုလို ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် နိုင်ငံကိုယ်စားပြု ဘောလုံးအသင်းနည်းပြတွေနဲ့ အသင်းခေါင်းဆောင်တွေက ဆန္ဒမဲပေး ရွေးချယ်ခဲ့ကြတာ ဖြစ်ပြီး မက်ဆီက ၁၀၇၃မဲ၊စီရိုနယ်ဒိုက ၃၅၂မဲ၊ ဇာဗီက ၁၉၆မဲ၊ ကာကာက မဲ ၁၉၀နဲ့ အင်နီယေစတာက ၁၃၄မဲ အသီးသီး ရရှိခဲ့ကြတာဖြစ်လို့ ၂၀၀၉ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံး သမားဆုကို ယခုလို မက်ဆီဆွတ်ခူး ရရှိခဲ့ခြင်းဖြစ်ပါတယ်။

အပြိုင်

၂၀၀၉ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရ

ဖီဖာအကောင်းဆုံး အမျိုးသား ဘောလုံးသမားဆုရ မက်ဆီ။

မက်ဆီဟာ ပြီးခဲ့တဲ့နှစ်က ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိခဲ့တဲ့ စီရိုနယ်ဒိုနဲ့ အပြိုင်အဆိုင် ဖြစ်ခဲ့ပေမယ့် မက်ဆီဟာ ၂၀၀၉ခုနှစ်အတွင်းမှာ အံ့သြစရာကောင်းအောင် ခြေစွမ်းပြနိုင်ခဲ့တာမို့ ဒီနှစ်မှာ ဥရောပအကောင်းဆုံး ဘောလုံးသမားဆုလည်း ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ပြောကြား

၂၀၀၉ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို လက်ခံ ရရှိပြီးတဲ့အခါ မက်ဆီက "ကျွန်တော်အခုလိုဆုရရှိခဲ့ပေမယ့် ကမ္ဘာပေါ်မှာ အကောင်းဆုံးဘောလုံးသမားတွေအများကြီးရှိနေပါသေးတယ်။ ကျွန်တော့်အနေနဲ့ အတော်ဆုံး၊ အကောင်းဆုံးဘောလုံးသမားတစ်ဦးအဖြစ် မခံယူထားပါဘူး" လို့ဖွင့်ဟခဲ့ပါတယ်။

မက်ဆီဟာ အသက်၁၃နှစ်မှာ ဘာစီလိုနာကလပ်ရဲ့ လူငယ်ဘောလုံးအသင်းကို ရောက်ရှိခဲ့ပြီး အသက်၁၄နှစ်မှာ ဘာစီလိုနာ (ဂ)အသင်း၊ ၁၅နှစ်မှာ ဘာစီလိုနာ (ခ)အသင်းတွေမှာ ကစားခဲ့ပါတယ်။ အသက်၁၆နှစ်မှာ ဘာစီလိုနာအသင်းကြီးမှာ ၂၀၀၃-၂၀၀၄ဘောလုံးရာသီက စတင်ကစားခဲ့သူဖြစ်လို့ အာဂျင်တီးနားနိုင်ငံသားဖြစ်ပေမယ့် ဘာစီလိုနာရဲ့ ငယ်မွေးခြံပေါက် ကစားသမား စစ်စစ်ဖြစ်ပါတယ်။

မက်ဆီဟာ ၂၀၀၈-၂၀၀၉ဘောလုံးရာသီမှာ ဘောလုံးပွဲစုစုပေါင်း ၅၁ပွဲကစားခဲ့ပြီး ဂိုးပေါင်း ၃၈ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။ ဒီနှစ်မှာလည်း ဘာစီလိုနာအသင်းအတွက် ပွဲပေါင်း ၂၂ပွဲကစားခဲ့ပြီး ၁၅ဂိုးသွင်းယူပေးထားနိုင်ပါတယ်။ ဒါကြောင့်မို့ မက်ဆီရဲ့ ထူးခြားထက်မြက်တဲ့ ခြေစွမ်းဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုနဲ့ ထိုက်တန်ကြောင်း ဖီဖာ ဥက္ကဋ္ဌ ဆပ်ဘတ္တလာက ပြောကြားပါတယ်။

အကောင်းဆုံးဂိုး

၂၀၀၉ခုနှစ်အတွက် အကောင်းဆုံးဂိုးအဖြစ် ဖီဖာက ရွေးချယ်ခဲ့တာကတော့ ပြီးခဲ့တဲ့ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်မှာ ပေါ်တိုနဲ့ မန်ယူတို့ကစားခဲ့တဲ့ပွဲစဉ်မှာ ပေါ်တိုအသင်းဘက်ကို ကိုက် ၄၀အကွာမှ စီရိုနယ်ဒို အမှတ်မထင်ကန်သွင်းလိုက်တဲ့ဂိုးကို ရွေးချယ်ပြီး အကောင်းဆုံးဂိုးအဖြစ်သတ်မှတ်ခဲ့ပါတယ်။

အမျိုးသမီးဆု

၂၀၀၉ခုနှစ် အကောင်းဆုံးအမျိုးသမီး ဘောလုံးသမားဆုကိုတော့ ဘရာဇီးအမျိုးသမီး ဘောလုံးအသင်းမှ မာတာက ဆွတ်ခူး ရရှိခဲ့ပါတယ်။ မာတာဟာ အခုအကြိမ်နဲ့ ဆိုရင် ကမ္ဘာ့အကောင်းဆုံး အမျိုးသမီး ဘောလုံးသမားဆုကို လေးကြိမ်မြောက်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။

ကမ္ဘာ့အကောင်းဆုံးအသင်း

ဖီဖာက ကမ္ဘာ့ အကောင်းဆုံး ဘောလုံးအသင်းအဖြစ် ဘောလုံးသမား ၁၁ဦးကို ရွေးချယ်တဲ့အခါ လာလီဂါမှ ခြောက်ဦးနှင့် ပရီမီယာလိဂ်မှ ဘောလုံးသမား ငါးဦးကို ရွေးချယ်ခဲ့ပါတယ်။ အဲဒီဘောလုံးသမားတွေကတော့ **ဂိုး**-ကာဆီးလက်စ် (ရီးရဲ)၊ **နောက်တန်း**-ဗီဒစ်

အကောင်းဆုံး အမျိုးသမီး ဘောလုံးသမား မာတာ။

(မန်ယူ)၊ အီဗရာ (မန်ယူ)၊ တယ်ရီ (ချယ်လ်ဆီး)၊ အဲလ်ဗက်စ် (ဘာစီလိုနာ)၊ **အလယ်တန်း**-ဇာဗီ၊ အင်နီယေစတာနှင့် ဂျရတ်၊ **ရှေ့တန်း**-မက်ဆီ၊ စီရိုနယ်ဒိုနှင့် တောရက်စ်တို့ပဲ ဖြစ်ကြပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ပရီမီယာလိဂ် ထိပ်သီးလေးသင်းဝင်ရေး မန်စီးတီးနည်းပြသစ် မန်စီနီ ကြိုးစားမည်ဟုဆို

လန်ဒန် ဒီဇင်ဘာ ၂၂

မန်စီးတီးအသင်းကို ပရီမီယာလိဂ် ထိပ်သီးလေးသင်း စာရင်းဝင်အဖြစ် ရောက်ရှိရေး ကြိုးစားပေးသွားမည်ဖြစ်ကြောင်း နည်းပြသစ်မန်စီနီ (ဝဲပုံ) က ပြောကြားသည်။

မိမိ၏ ယခုနှစ်ဘောလုံးရာသီ ရည်မှန်းချက်သည် မန်စီးတီးအသင်းကို ထိပ်သီးလေးသင်းနေရာ ရောက်ရှိရေး ပင်ဖြစ်ကြောင်း၊ လာမည့်နှစ်တွင် ပရီမီယာလိဂ်ဖလား ဆွတ်ခူးရရှိရေးအတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်များသည် ဖြစ်လာလိမ့်မည်ဟု ယူဆကြောင်း အင်တာမီလန်နည်းပြဟောင်းမန်စီနီက ပြောကြားသည်။

ကြိုးစားပေး

မန်စီနီသည် လွန်ခဲ့သော ၁၀နှစ်က လီဘစ္စတာအသင်းနှင့်အတူ ပရီမီယာလိဂ်တွင် ကစားခဲ့သူဖြစ်သည်။ လက်ရှိမန်စီးတီးနှင့် သုံးနှစ်ခွဲ စာချုပ် ထားပြီဖြစ်သည်။ မန်စီးတီးအသင်းကို ဆုဖလားများဆွတ်ခူးနိုင်သည်အထိ ကြိုးစားပေးမည်ဟုဆိုသည်။ **(အင်တာနက်)**

ကမ္ဘာ့ဖလားအကြို ချစ်ကြည်ရေးပွဲအဖြစ် အင်္ဂလန်နှင့် အီဂျစ် ခြေစမ်းကစားမည်

လန်ဒန် ဒီဇင်ဘာ ၂၂

ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်ထားသော အင်္ဂလန်အသင်းသည် မတ်လတွင် အာဖရိကချန်ပီယံ အီဂျစ်အသင်းနှင့် ကမ္ဘာ့ဖလားမဝင်မီ ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယင်းချစ်ကြည်ရေးပွဲသည် အင်္ဂလန်အသင်းအတွက် ကမ္ဘာ့ဖလား၌ အယ်လ်ဂျီးရီးယားအသင်းနှင့် ကစားရာတွင် အခွင့်အလမ်းကောင်းများ ရရှိလိမ့်မည်ဖြစ်သည်။

အင်္ဂလန်အသင်းနှင့် အယ်လ်ဂျီးရီးယားအသင်းတို့သည် လာမည့် ၂၀၁၀ကမ္ဘာ့ဖလားတွင် အုပ်စုတစ်အုပ်စုတည်းဖြစ်ပြီး အုပ်စု (ဂ)၌ ပါဝင်သည်။

အီဂျစ်အသင်းသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် အယ်လ်ဂျီးရီးယားနှင့် ရှုံးထွက်ကစားရာတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ (အပေါ်ပုံ)

(အင်တာနက်)

အာရှသဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲ တရုတ်၌ ပထမဆုံးအကြိမ်ကျင်းပ

ပေကျင်း ဒီဇင်ဘာ ၂၂

တရုတ်နိုင်ငံက အားကစားဖွံ့ဖြိုးတိုးတက်မှုများ မြှင့်တင်ရန် ရည်ရွယ်လျက် ပထမဆုံးအာရှသဲသောင်ပြင် ဘော်လီဘောချန်ပီယံရှစ်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အဆိုပါ သဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက် **(ယနေ့)**မှ စပြီး လေးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း၊ ၎င်းပြိုင်ပွဲများကို တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် ဟိုက်ကုအပန်းဖြေစခန်းရှိ သဲသောင်ပြင်များ တစ်လျှောက် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းအာရှသဲသောင်ပြင်ဘော်လီဘော ပြိုင်ပွဲတွင် နိုင်ငံနှင့်ဒေသ ၁၅ခုမှ အမျိုးသား ၂၂ သင်းနှင့် အမျိုးသမီး ၂၁ သင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ပြိုင်ပွဲချန်ပီယံဆုဆွတ်ခူးနိုင်သော အသင်းသည် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ဆုကြေးငွေအဖြစ် ဆွတ်ခူးရရှိမည် ဖြစ်သည်။ **(အင်တာနက်)**

တောင်အာဖရိက အိုးပင်းဖလား စကော့တလန် နိုင်ငံသား ရမ်ဆေးဗိုလ်စွဲ

ဂျိုဟန်နစ္စဘတ် ဒီဇင်ဘာ ၂၂

စကော့တလန် ဂေါက်သီး အကျော်အမော် ရီချီရမ်ဆေး**(ယာပုံ)**သည် ဂျိုဟန်နစ္စဘတ်၌ ကျင်းပသော တောင်အာဖရိက အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိန္ဒိယ ဂေါက်သီးချန်ပီယံ ကာပါနှင့် ကျင်းပိုကစားအပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဆုဖလားဆွတ်ခူး

ယင်းတို့နှစ်ဦးသည် နောက်ဆုံးနေ့ ပြိုင်ပွဲအဖြစ် သတ်မှတ် ရိုက်ချက်ထက်

၁၃ချက်စီ လျှော့ရိုက်ခဲ့ကြသဖြင့် ကျင်းပိုကစားခဲ့ရသည်။ ယင်းကျင်းပိုပြိုင်ပွဲတွင် ရမ်ဆေးက ၆၅ချက်ရိုက်ပြီး ကာပါက ၆၇ချက်ရိုက်ခဲ့သဖြင့် ရမ်ဆေး ချန်ပီယံဆုဖလားဆွတ်ခူးရရှိခဲ့သည်။

ရောက်ရှိ

ရမ်ဆေးသည် ယင်းပြိုင်ပွဲ အနိုင်ရရှိလိုက်သဖြင့် လက်ရှိကမ္ဘာ့အဆင့် သတ်မှတ်ချက် ၂၄၀မှ ၁၂၀ အထိ ရောက်ရှိလာသည်။

(အင်တာနက်)

အာကာကျော်-စုစည်းတင်ပြသည်။

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်သရဖူရရှိရေး ပိုင်ရှင် အေဘရာမိုဗစ်ချ် ပစ်မှတ်ထားနေ

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်သည် ပရီမီယာလိဂ်သရဖူရရှိရေးကို ပစ်မှတ်ထားလျက်ရှိကြောင်း၊ လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ရာသီတွင် ပေါင်သန်း ၄၀တန် အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး ဆာဂျီယိုအဂွီရို၊ မိုနာကိုကွင်းလယ်ကစားသမား ဂျာကိုလီကို၊ အေဂျက်စ်တိုက်စစ်မှူး လူးဝစ်ဆွာအာရက်ဇ်၊ ရီးမား ကွင်းလယ်ကစားသမား ဒီရှောဆီနှင့် အဲဗာတန်ကွင်းလယ်ကစားသမား ဂျက်ခ်ရှော့ဒ်ဝဲလ်တို့ကို ခေါ်ယူရန် ပေါင် ၅၅သန်းအထိ သုံးစွဲမည်ဖြစ်ကြောင်း သည်ဆန်း၌ ဖော်ပြသည်။

စပါးတိုက်စစ်မှူး ရော်ဘီကိန်းအား ဇန်နဝါရီအပြောင်းအရွှေ့၌ ဆဲလ်တစ်သို့ ရောင်းချမည်

စပါးအသင်းသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ရော်ဘီကိန်းအား ဆဲလ်တစ်သို့ ရောင်းချမည်ဖြစ်ကြောင်း၊ သို့သော်လည်း အပြန်အလှန်အားဖြင့် ဆဲလ်တစ်ဂိုးသမား အာတာဘိုရပ်ခ်ကို ခေါ်ယူစာချုပ် ချုပ်ဆိုလိုကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဆဲလ်တစ်မှ တိုက်စစ်မှူး ဂီရောက်ဒ်အား ဝက်စ်ဟမ်းအသင်းမှ ခေါ်ယူဖွယ်ရှိ

ဝက်စ်ဟမ်းအသင်းသည် မိုနာကို၊ တူလစ်၊ ဗလင်စီယာနက်စ်နှင့် မောင့်တ်ပီလာတို့က ခေါ်ယူရန် ပစ်မှတ်ထားနေသော ဆဲလ်တစ်မှ ပေါင်နှစ်သန်းခွဲတန် တိုက်စစ်မှူး အိုလီဗာရောက်ဒ်အား ခေါ်ယူဖွယ်ရှိကြောင်း ဒေးလီးရက်ကော့ဒ်သတင်း၌ ဖော်ပြသည်။

ပို့စ်မောက်နည်းပြ အေဗရန်ဂရန့် ဘင်ဖီကာ ခံစစ်မှူး ဗစ်တာအား အငှားစာချုပ်ရန်စီစဉ်နေ

ပို့စ်မောက်နည်းပြ အေဗရန်ဂရန့်သည် ဇန်နဝါရီအပြောင်းအရွှေ့တွင် ဘင်ဖီကာအသင်းမှ ထွက်ခွာရန်ဟန်ပြင်နေသော ခံစစ်မှူး မီဂူယယ်ဗစ်တာအား အငှားစာချုပ် ချုပ်ဆိုခေါ်ယူရန် စီစဉ်နေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ခံစစ်မှူး စတိဗ်ဂိုဟိုရီအား ဘန်လေအသင်းက ရာသီကုန်အထိ အငှားခေါ်မည်

ဘန်လေအသင်းသည် ဂျာမန်အသင်းဘိုရူရှားမွန်ချင်ဂလက်ဒ်ဘက်ချ်မှ အိုင်ဗရီကို့စ် ခံစစ်မှူး စတိဗ်ဂိုဟိုရီအား ယခုဘောလုံးရာသီကုန်အထိ အငှားစာချုပ်ချုပ်ဆိုခေါ်ယူရေးမှာ နီးစပ်လာပြီဖြစ်ကြောင်း ဒေးလီးစတားက ဖော်ပြသည်။

လီဗာပူးအသင်း ငွေကြေးအင်အားဖြည့်တင်းရေး ကစားသမားများကို ဘင်နီတက်ဇ် ရောင်းချမည်

လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်တွင် လီဗာပူးအသင်းကို အင်အားဖြည့်တင်းရန် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကစားသမားများအချို့အား ရောင်းချရန်အသင်း ပိုင်ရှင်များက ဘင်နီတက်ဇ်အား တိုက်တွန်းခဲ့ကြောင်း၊ ထို့ကြောင့် ဘင်နီတက်ဇ်သည် ရိုင်ယန်ဘာဘယ်လ်၊ ဗိုရိုနင်၊ ဒေါ့ဆီနာနှင့် ဖိလစ်ဒီဂျင်တို့အား ရောင်းချရန်စီစဉ်နေပြီး အငှားစာချုပ်ဖြင့်လည်း ခေါ်ယူနိုင်ကြောင်းသည်ဂါးဒီးယန်း၌ ဖော်ပြသည်။

မန်စီးတီးကွင်းလယ်ကစားသမား ရော်ဘင်ဟိုအား ဘာစီလိုနာက ထပ်မံ မကမ်းလှမ်းတော့ဟုဆို

မန်စီးတီးအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ရော်ဘင်ဟိုအား ဘာစီလိုနာအသင်း၏ ကနဦးကမ်းလှမ်းမှုကို မန်စီးတီးအသင်းက ငြင်းပယ်ခဲ့ပြီးနောက် ၎င်းအား ထပ်မံကမ်းလှမ်းတော့မည်မဟုတ်ဟု ဘာစီလိုနာအသင်းပိုင်ရှင် လာပေါ်တာက ပြောကြားခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

အဲဗာတန်အသင်းနှင့် အာဆင်နယ်အသင်း ဘော်ဒိုးတိုက်စစ်မှူး ချာမက်ချ်အား အပြိုင်ခေါ်ယူဖွယ်

အဲဗာတန်အသင်းသည် လာမည့်နွေရာသီတွင် ဘော်ဒိုးတိုက်စစ်မှူး ချာမက်ချ်အား ပေါင် ၇သန်းဖြင့် ခေါ်ယူနိုင်ရေး အာဆင်နယ်နှင့်အပြိုင် ကြိုးပမ်းဖွယ်ရှိကြောင်း သည်ဆန်းက ဖော်ပြသည်။

ဟူစတန်ဒိုင်နမိုကွင်းလယ်မှ ဟိုလ်ဒင်အား လေးနှစ်စာချုပ်ချုပ်ဆိုရန် ဘလက်ဘန်းက ကမ်းလှမ်း

အမေရိကန် မေဂျာလိဂ်အသင်း ဟူစတန်ဒိုင်နမိုတွင် ကစားနေသော အမေရိကန် ကွင်းလယ်ကစားသမား စတူအတ်ဟိုလ်ဒင်အား ဘလက်ဘန်းက လေးနှစ်စာချုပ်ချုပ်ဆို ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားသည်။(အောက်ပုံ)

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ခြုံငုံသုံးသပ်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက ပြီးခဲ့သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး)တို့မှ ပါမောက္ခချုပ်များက ဝန်ထမ်းရေးရာနှင့် သင်ကြားရေးဆိုင်ရာ အခြေအနေများကို လည်းကောင်း၊ တက်ရောက်လာကြသော ပြည်နယ်/တိုင်း ပြတိုက်နှင့် စာကြည့်တိုက် တာဝန်ခံအရာရှိများ၊ ဌာနခွဲ/ ဌာနစုတာဝန်ခံ အရာရှိများက အထွေထွေဆွေးနွေးခြင်းကို လည်းကောင်း ဆွေးနွေး တင်ပြကြရာ ဝန်ကြီးက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် ခြုံငုံသုံးသပ်ပြီး လိုအပ်သည်များ မှာကြားသည်။

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၅-၁၉၇၉ ခုနှစ် ဓာတုဗေဒကျောင်းသားဟောင်းများ

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၅-၁၉၇၉ ခုနှစ် ဓာတုဗေဒကျောင်းသားကျောင်းသူများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်း (၁၆/၂) ရပ်ကွက်ရှိ စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်မွှေ့ရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးရှိန်းယော ဖုန်း-၀၉-၅၁-၈၈၄၂၂၊ ဦးကျော်သိန်း ဖုန်း-၀၉-၅၀-၉၁၂၁၉၊ ဦးခင်မောင်သိန်း ဖုန်း-၀၉-၅၁-၁၉၄၁၇၊ ဦးမြဝင်း ဖုန်း-၀၉-၉၉-၂၈၅၂၀၊ ဦးခင်မောင်တင့်ရှိန် ဖုန်း-၀၉-၅၁-၀၇၃၂၂၊ ဦးသိန်းဇော်-ဒေါ်ခင်ထွေးရီ ဖုန်း-၅၄၂၆၄၀၊ ၀၉-၅၁-၃၅၈၁၄၊ ဒေါ်ချယ်ရီထွန်း ဖုန်း-၅၇၈၂၆၁၊ ဒေါ်ခင်အေးသာ ဖုန်း-၅၇၉၈၃၃၊ ဒေါ်ခင်စန်းလွင် ဖုန်း-၅၃၅၅၇၃နှင့် ဒေါ်မြင့်မြင့်အေး ဖုန်း-၅၅၇၇၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ***(သတင်းစဉ်)***

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၂

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Energy Administration မှ Administrator, H.E.Mr. Zhang Guabao၊ တရုတ် အမျိုးသားရေနံကုမ္ပဏီ (CNPC) ဒုတိယ ဥက္ကဋ္ဌ Mr. Liao Yong Yuan နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၀ရက် ညနေ ၅နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

နိုင်ငံခြားရေး ဝန်ကြီး ဦးညဏ်ဝင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာခဆုယအိုခဒထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အောင်မင်္ဂလာ-သရက်စိန် ကျောက်ချောလမ်းသစ်ဖွင့်

နေပြည်တော် ဒီဇင်ဘာ ၂၂

စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဒီဇင်ဘာ ၂၁ရက် နံနက်၉နာရီတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ဆောင်ရွက်ပြီးစီးသော ကျောက်တံခါးမြို့နယ် အောင်မင်္ဂလာ-သရက်စိန် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကျောက်တံခါးမြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်း၊ ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် မြို့မိမြို့ဖ ဦးညွန့်ဝင်းတို့က အောင်မင်္ဂလာ-သရက်စိန်ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** ညွှန်ကြားရေးမှူးချုပ်သည် ကျောက်ချောလမ်းသစ် တစ်လျှောက် ဖြတ်သန်း ကြည့်ရှုသည်။

ကောင်းမွန်

အဆိုပါ အောင်မင်္ဂလာ-သရက်စိန် ကျောက်ချောလမ်းသစ်သည် လမ်းအရှည် ၄မိုင် ၀ဒသမ၄၂ဖာလုံ၊ အကျယ် ၁၂ ပေရှိပြီး ယခင်မြေသားလမ်းအဖြစ်မှ ယခုကဲ့သို့ ကျောက်ချောလမ်းသစ်အဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးခြင်းဖြင့် ကျောက်တံခါးမြို့နယ် တောကျွဲအင်းဒေသနှင့် ဖြူးမြို့နယ် ကညွတ်ကွင်းအတွင်းရှိ ကျေးရွာအုပ်စု ကိုးအုပ်စု ကျေးရွာ(၅၁)ရွာ ကျေးလက်ပြည်သူများအနေဖြင့် ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်ပြီဖြစ်သည့်အပြင် အဆိုပါလမ်းသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ရန်ကုန်-မန္တလေးပြည်ထောင်စု လမ်းမကြီးတို့အကြား ဆက်သွယ်ထားသည့် လမ်းဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး နှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများ ပိုမိုတိုးတက် ကောင်းမွန်လာပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ ရှေ့ဖုံးမှ

ယခုကဲ့သို့ ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ ရေလွှဲဆည်များကို တည်ဆောက်ပေးခြင်းဖြင့် နယ်မြေဒေသရှိ ပြည်သူတို့၏ စားဝတ်နေရေး သာမက လူမှုစီးပွားဘဝပါ တိုးတက်မြင့်မားလာခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ခဲ့သည့် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်ရှိ လင်ပန်း ရေလှောင်တမံကြီးကို ၂၀၀၉ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ယင်းရေလှောင်တမံသည် မြေသားတမံဖြစ်ကာတမံအမြင့်ပေ ၄၀၊ တမံအလျား ပေ ၉၈၀၀ရှိပြီး လယ်မြေဧက ၂၀၀၀ အတွက် ရေပေးဝေလျက်ရှိရာ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုး တိုးတက်ရေးနှင့် နိုင်ငံတော်၏ စိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍ၌ များစွာ အကျိုး ဖြစ်ထွန်းစေခဲ့ပေပြီ။ ။

(မြန်မာ့အလင်း)

ဒီဇင်ဘာ ၂၀ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အဆိုပါကျောင်း သီရိရတနာခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

Electronics & Lifestyle 2009 ပြပွဲ၌ CONCORDIA Int'l Co., Ltd. မှ ဝင်ရောက်ပြသမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

CONCORDIA Int'l Co., Ltd. က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉တွင် ဝင်ရောက်ပြသမည်ဖြစ်သည်။

ခင်းကျင်းပြသ

အဆိုပါပြပွဲတွင် Fujixerox အမှတ်တံဆိပ် နည်းပညာမြင့် ပစ္စည်းများဖြစ်သော မိတ္တူကူးစက်များ၊ ကာလာမိတ္တူကူးစက်များ၊ လေဆာပရင်တာများအပြင် Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ် Differential GPS (RTK) ပစ္စည်းများနှင့် ရေနံရှာဖွေရေး၊ သတ္တုရှာဖွေရေး၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ရေကြောင်း၊ မြစ်ကြောင်းတိုင်းတာခြင်း လုပ်ငန်း၊ လေကြောင်းဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုနိုင်သော Garmin အမှတ်တံဆိပ် GPS ပစ္စည်းများနှင့် ဆေးရုံ၊ ဆေးခန်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများဖြစ်သော DC-7 (Ultrasound)၊ DP-1100 Plus (Portable Ultrasound)၊ ECG ၊ သွေးပေါင်ချိန်တိုင်း ကိရိယာ၊ သွေးချို၊ ဆီးချိုတိုင်းစက် (Omnitest Plus) Complan (Newzealand) များကို ခင်းကျင်းပြသရောင်းချ သွားမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်း

CONCORDIA Int'l Co., Ltd. က ပွဲတော်ကာလအတွင်း Fujixerox မိတ္တူကူးစက်များ၊ လေဆာပရင်တာများကို အထူးလျှော့ဈေးဖြင့် ရောင်းချသွားမည့်အပြင် A3 မိတ္တူကူးစက်တစ်လုံး ဝယ်ယူသူတိုင်းကို A4 ကာလာလေဆာ ပရင်တာ သို့မဟုတ် A4 multifunction Laser Fax တစ်လုံး လက်ဆောင်ပေးခြင်း၊ GPS ပစ္စည်းဝယ်ယူသူများကို (7%) Discount လျှော့ချပေးခြင်း၊ ဌာနထောက်ခံချက်ဖြင့် ဝယ်ယူသူအားလုံးကို (10%) ဈေးလျှော့ရောင်းချပေးသွားမည် ဖြစ်သည်။

ဆက်သွယ်ဝယ်ယူလိုပါက ပြပွဲကာလအတွင်း ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ လည်းကောင်း၊ ရန်ကုန်မြို့၌ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၅၄၄၁၉၉၊၅၅၈၁၇၀၊ ၉၅၁၅၄၄၈၂၄၊ မန္တလေးမြို့၌ (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၀၉-၅၀-၆၇၁၇၂၊ ၆၉၃၀၃နှင့် နေပြည်တော်၌ အမှတ်(၁၄၄) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ထူးချွန်ထက်မြက်သော လူငယ်များ

မောင်မောင်မြင့်ဆွေ - စုစည်းသည်

အသက်အငယ်ဆုံး ပါမောက္ခ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ ကွန်ကော့ခ်တက္ကသိုလ်တွင် အသက် ၁၉နှစ် အရွယ်ရှိ အလီရာဆာဘူရာကို မကြာခင်က ပါမောက္ခရာထူးပေးအပ်ခဲ့ရာ ကမ္ဘာ့အသက်အငယ်ဆုံး ပါမောက္ခအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အောက်ပုံ)** သူမသည် သုတေသနဆိုင်ရာ ဘာသာရပ်တွင် ထူးချွန်ထက်မြက်သူအဖြစ် သတ်မှတ်ခံထားရသူလည်း ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့အသက်အငယ်ဆုံး အသံလွှင့်အစီအစဉ်ကြေညာသူ

အင်္ဂလန်နိုင်ငံ ဝက်စတာန်မြို့မှ အသက်ရှစ်နှစ်အရွယ် ဂျက်ပေးလ်အမည်ရှိ ကလေးငယ်သည် စတားရေဒီယိုအသံလွှင့်ဌာန၌ အစီအစဉ်ကြေညာသူအဖြစ် အောင်မြင်စွာဆောင်ရွက်လျက်ရှိရာ ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး အသံလွှင့်အစီအစဉ်ကြေညာသူအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ (အပေါ်ပုံ) ဂျက်ပေးလ်သည် ငယ်ရွယ်စဉ်ကပင် တေးဂီတသံစဉ်များကို ဝါသနာပါသူဖြစ်ပြီး အစီအစဉ်များတင်ဆက်ရာ၌ ၎င်း၏ အရပ်နှင့် အသံလွှင့်စက်အနိမ့်အမြင့် ဟန်ချက်ညီမျှစေရန် ခြေထောက်အောက်မှ သေတ္တာခုပေးထားရသည်။ (အင်တာနက်)

ကမ္ဘာ့အသက်အငယ်ဆုံး တောင်တက်သမား

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကျန်အိုင်မြို့၌ကျင်းပသည့် ကမ္ဘာ့ဖလား တောင်တက်ပြိုင်ပွဲတွင် သတ်မှတ်ထားသောတောင်ထိပ်သို့ အချိန်ခြောက်မိနစ်အတွင်း အရောက်တက်နိုင်ခဲ့သည့် ဩစတြီးယားနိုင်ငံသူ အသက် ၁၅နှစ်အရွယ်ရှိ ဂျိုဟန်နာအီရက်သည် အောင်မြင်စွာတောင်တက်နိုင်သူ ကမ္ဘာ့အသက်အငယ်ဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။(အပေါ်ပုံ) (အင်တာနက်)

တစ်ယောက်တည်းဆိုပါလျှင်....

နိုင်ငံတကာမှုခင်း

ဆွေ စုစည်းသည်

ဘယ်သွားသွား အဖော်မပါဘဲတစ်ယောက်တည်းသွား၍ မသင့်လျော်ကြောင်း လူကြီးသူမများက သူတို့၏ဆွေမျိုးဉာတိ သားသမီး မြေးမြစ်များကို ဆိုဆုံးမတတ်ကြသည်။ ကြားဖူးကြမှာပါ။

အထူးသဖြင့် အရွယ်ရောက်ပြီးသူ အမျိုးသမီးများနှင့် ကလေးသူငယ်များသည် မိဘဆွေမျိုးအစ်ကိုအစ်မများမပါဘဲ ဘယ်အချိန်မှာပင်ဖြစ်ဖြစ် ဘယ်မှမသွားလျှင် အကောင်းဆုံးပင်...။

တစည်းတလုံး

ညအချိန်မတော် လူသူတိတ်ဆိတ်ချိန်များဆိုလျှင် မိမိမိသားစုများနှင့်အတူ မိမိတို့နေထိုင်ရာနေအိမ်တွင် တစည်းတလုံးတည်းနေထိုင်ကြလျှင် အလုံခြုံဆုံး၊ အန္တရာယ်အကင်းဆုံးဟုဆိုသော် မှားနိုင်ဖွယ်မရှိ။

ရာထူးအရှိန်အဝါရှိသည့် မိဘများ၏သားသမီးများ၊ ချမ်းသာကြွယ်ဝသည့် မိဘများ၏ သားသမီးများသည် မိဘညီအစ်ကို မောင်နှမများမျက်စိအောက်တွင် ခိုလှုံနေလျှင် စိုးရိမ်ကြောက်လန့်စရာသိပ်မများလှ။

နမူနာပြ

ဤတွင်အကြောင်းတိုက်ဆိုင်၍ အမေရိကန်ပြည်ထောင်စု ရီပတ်ဘလီကင် အထက်လွှတ်တော် အမတ်တစ်ဦး၏ အသက် ၂၂နှစ်အရွယ်ရှိပြီးဖြစ်သည့် သမီးဖြစ်သူ၏ဖြစ်ရပ်ကို နမူနာအဖြစ် ပြလိုက်ချင်ပါ၏။

သိကြားစေသက်သေသွန်းလိုက်ချင်ပါဘိ။

ပြန်ပေးဆွဲ

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်တွင် တင်နက်ဆီပြည်နယ် ရီပတ်ဘလီကင်အထက်လွှတ်တော်အမတ် မစ္စတာဘော့ဖ်ကော်ကာ၏သမီးဖြစ်သူ၏ မော်တော်ကား ပြန်ပေးဆွဲခံလိုက်ရကြောင်း၊ သို့ရာတွင် ထိုတင်နက်ဆီပြည်နယ် ရီပတ်ဘလီကင်အထက်လွှတ်တော်အမတ် ဘော့ဖ်ကော်ကာ၏သမီးတွင် ပြင်းထန်သည့်ဒဏ်ရာရရှိမသွားကြောင်း၊ ပြောပလောက်အောင် ဒဏ်ရာမပြင်းလှကြောင်း အဆိုပါ အမေရိကန် အထက်လွှတ်တော် အမတ် ဘော့ဖ်ကော်ကာ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောပြသည်။

တင်နက်ဆီပြည်နယ် အထက်လွှတ်တော်အမတ်၏သမီး နာမည်က ဂျူလီယာကော်ကာဖြစ်၏။ သူမ၏အသက်မှာ ၂၂ နှစ်သာရှိသေး၏။

ချဉ်းကပ်

ဂျူလီယာကော်ကာသည် သူမ၏မိသားစုနေထိုင်ရာ နေအိမ်တိုက်ခန်းသို့ လွန်ခဲ့သော ဒီဇင်ဘာ ၉ရက်ညက ကားဖြင့် တစ်ယောက်တည်းပြန်လာစဉ် လမ်းဆုံတစ်နေရာအရောက်၌ လူတစ်စုက သူမ၏ကားကိုရပ်ခိုင်းပြီး သူမအနားသို့ ချဉ်းကပ်လာသည်ဟု အဆိုပါပြောရေးဆိုခွင့်ရပုဂ္ဂိုလ် တော့ဒ်ဝိုမက်ဆိုသူက ပြောပြသည်။

ထိုအခါ ဂျူလီယာကော်ကာက သူမ၏မော်တော်ကားတံခါးကို ဖွင့်လိုက်ရာ အဆိုပါလူတစ်စုက သူမကိုကားပေါ်မှဆွဲချပြီး မြေပြင်ပေါ်သို့ တွန်းချလိုက်သည်။

ဒဏ်ရာ

ထိုသို့တွန်းလိုက်သဖြင့် သူမသည် နာကျင်သည့်ဝေဒနာကို ခံစားလိုက်ရသော်လည်း ပြင်းထန်သည့်ဒဏ်ရာရရှိခြင်းမရှိကြောင်းဖြင့်လည်း ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မစ္စတာဝိုမက်က ဒီဇင်ဘာ ၁၀ရက်တွင် ပြောပြသည်။



အမေရိကန်အထက်လွှတ်တော်အမတ် ဘော့ဖ်ကော်ကာနှင့် သူ၏မိသားစု။

ချက်ချင်းဆိုသလိုပင် ဂျူလီယာကော်ကာ၏ ဖခင်ဖြစ်သူ တင်နက်ဆီပြည်နယ် ရီပတ်ဘလီကင် အထက်လွှတ်တော်အမတ် မစ္စတာဘော့ဖ်ကော်ကာသည် အခင်းဖြစ်ပွားရာနေရာသို့ မိနစ်ပိုင်းအတွင်းရောက်ရှိလာသည်ဟုလည်း ထိုပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မစ္စတာဝိုမက်က ဆက်လက်ပြောပြသည်။

ရောက်ရှိ

ထိုဖြစ်ရပ်ကို ရဲတပ်ဖွဲ့ကသတင်းရရှိပြီး အခင်းဖြစ်ပွားရာသို့ မကြာမီအချိန်တွင် ရောက်ရှိလာသည်။ ရဲတို့ဝတ္တရားအတိုင်း တာဝန်ကို ဆက်လုပ်သည်။

ရှင်းပြ

မာရီလင်းပြည်နယ် ဆိပလဲဆင့်ရဲစခန်းမှ ရဲကြပ်ကြီးလီရှိုင်း ပတ္တာဆင်နှင့်အဖွဲ့က ညသန်းခေါင်ကျော်လောက်တွင် မသင်္ကာသူနှစ်ဦးကို ဖမ်းဆီးကာ အချုပ်ခန်းကိုခေါ်သွားပြီး ချုပ်ထားလိုက်ကြောင်းဖြင့် အဆိုပါပြောရေးဆိုခွင့်ရပုဂ္ဂိုလ် တော့ဒ်ဝိုမက်က ရှင်းပြသည်။

သို့ရာတွင် ဖမ်းချုပ်လိုက်သည့် လူနှစ်ဦး၏အမည်ကိုမူ အဆိုပါ ရဲကြပ်ကြီးက ထုတ်ဖော်ခြင်းမရှိကြောင်းပါတဲ့ဗျာ-။

ကိုးကား-အင်တာနက်

ဘယ်သွားသွား အဖော်မပါဘဲ တစ်ယောက်တည်းသွား၍ မသင့်လျော်ကြောင်း လူကြီးသူမများက သူတို့၏ ဆွေမျိုးဉာတိ သားသမီး မြေးမြစ်များကို ဆိုဆုံးမတတ်ကြသည်။ ကြားဖူးကြမှာပါ။

အထူးသဖြင့် အရွယ်ရောက်ပြီးသူ အမျိုးသမီးများနှင့် ကလေးသူငယ်များသည် မိဘဆွေမျိုး အစ်ကိုအစ်မများမပါဘဲ ဘယ်အချိန်မှာပင်ဖြစ်ဖြစ် ဘယ်မှမသွားလျှင် အကောင်းဆုံးပင်။

ဘာဝဒသဿန

- **The man who does more than he is paid for is sooner or later paid willingly for more than he does.**
- မိမိရရှိနေသော လစာထက်ပိုမို၍ အလုပ်လုပ်နေရသူတစ်ယောက်သည် မကြာမီတွင် မိမိလုပ်နေရသည့် အလုပ်ထက် တန်ဖိုးပိုရှိသောလစာကို ခံစားလာရမည်ဖြစ်သည်။
- **Time is the greatest of all doctors. If given a chance, it can cure most of the ills that men gripe about.**
- အချိန်သည် သမားတော်အားလုံးအနက် အကောင်းဆုံးသမားတော်ဖြစ်သည်။ လူအများ၏ ဝေဒနာအများစုကို အချိန်ကသာ ကုစားပေးနိုင်သည်။ **နပိုလီယံဟီးလ်**

ဇီဝသမိုင်းဖြစ်စဉ်

နှစ်သန်းပေါင်း ၁၂၅ နှစ်က ဒိုင်နိုဆောရပ်ကြွင်း တရုတ်၌ ရှာဖွေတွေ့ရှိ

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် လွန်ခဲ့သော နှစ်သန်းပေါင်း ၁၂၅ နှစ်က ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းအစိတ်အပိုင်းများကို တရုတ်ရှေးဟောင်းသုတေသနအဖွဲ့နှင့် အမေရိကန် ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်း လေ့လာရေးပညာရှင်များက ဒီဇင်ဘာ ၂၁ ရက်တွင် ရှာဖွေတွေ့ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

သဏ္ဍာန်တူ

ယင်းဒိုင်နိုဆောရုပ်ကြွင်း အစိတ်အပိုင်းသည် မြွေနှင့် အိမ်မြှောင်တို့ကဲ့သို့ အလားသဏ္ဍာန်တူကြောင်း တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း တက္ကသိုလ်မှ ပါမောက္ခ ကွမ်အန်ပူက ပြောကြားသည်။ အဆိုပါ ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းသည် ၎င်းမျိုးစိတ်၏ အစိတ်အပိုင်းဖြစ်နိုင်ဖွယ်ရှိကြောင်း ထပ်လောင်းပြောကြားသည်။ **(အောက်ပုံ)** **(အင်တာနက်)**



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။

* RFA, DVB - သွေးထိုးနေသည်။

* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

* နားမယောင်လေနဲ့ သတိထား။

ကျေးလက်ဖွံ့ဖြိုး၊ စက်ရက်ကန်းတို့ဖြင့် အလှဝေဖြာတိုးနေသော မြို့ဝမ်းတွင်း

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဤသို့ စက်ရေတွင်းများ တူးဖော်ပေးခဲ့သည်။ ဓာတ်ပုံမှတ်တမ်း-ကိုသန့်စင်(မိတ္ထီလာ)

နေပြည်တော် ဒီဇင်ဘာ ၂၃

မန္တလေးတိုင်း မိတ္ထီလာခရိုင်တွင် ဝမ်းတွင်းမြို့နယ်ပါရှိသည်။ ဝမ်းတွင်းမြို့သည် ရန်ကုန်-မန္တလေး ကားလမ်းနံဘေးနှင့် ရန်ကုန်-မန္တလေး မီးရထားလမ်းဘေး၌ တည်ရှိပြီး ရပ်ကွက်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၉အုပ်စုနှင့် ကျေးရွာပေါင်း ၂၁၈ရွာရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၌ တည်ရှိသော ဝမ်းတွင်းမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဆည်မြောင်း၊ ကန်၊ ချောင်းများမှ ရေကိုသာ အဓိကအားထားရသည်။ ဝမ်းတွင်းမြို့နယ်တွင် ဆည်ပေါင်း ၁၃၈ ရှိသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ■

သတင်းမြင်ကွင်း-ကိုတင်လှိုင်(မိတ္ထီလာ) ✦ ဓာတ်ပုံမှတ်တမ်း-ကိုသန့်စင်(မိတ္ထီလာ) ✦ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သွေးကြောပိတ်မည့်အန္တရာယ် ကင်းဝေးစေရန် ခရမ်းချဉ်သီး နေ့တိုင်းစားသုံးသင့်

ခရမ်းချဉ်သီးစေ့တွင် ပါဝင်သော သဘာဝဓာတ်တစ်မျိုးက သွေးကြောပိတ်မှုကို အကာအကွယ်ပေးခြင်းဖြင့် ခန္ဓာကိုယ် သွေးသားလည်ပတ်မှု အဆင်ပြေအောင် အထောက်အကူပြုကြောင်း တွေ့ရှိရသည်ဟု ဆေးသုတေသီများက ပြောကြားသည်။

အန္တရာယ်လျော့ပါးစေ

ခရမ်းချဉ်သီးစေ့ပတ်လည်ရှိ အဆီပျစ်၌ ပါဝင်သည့် အဆိုပါဓာတ်ပစ္စည်းက ခန္ဓာကိုယ်တွင်း သွေးသားလည်ပတ်မှုကို ပိုမိုကောင်းမွန် အဆင်ပြေစေကြောင်း ဗြိတိန်ဆေးသုတေသီများက တွေ့ရှိသည်။ ခရမ်းချဉ်သီးစေ့၏ ပတ်လည်ရှိ အဆိုပါအရောင်နှင့် အရသာမရှိသော အဆီပျစ်က သွေးဥမွှားများ အနည်မထိုင်နိုင်အောင် အကာအကွယ်ပေးပြီး သွေးကြောပိတ်မည့်အန္တရာယ်ကို လျော့ပါးစေသည့်အပြင် ဘေးထွက်ဆိုးကျိုး လုံးဝမရှိကြောင်း တွေ့ရသည်။

အကြံပြုထား

ခရမ်းချဉ်သီးကို စားသုံးပြီး သုံးနာရီအတွင်း ထိရောက်မှု အကျိုးစတင်ပြီး ၁၈နာရီကြာသည့်တိုင် အာနိသင် မပျက်ပြယ်သည့်အတွက် ခရမ်းချဉ်သီးကို နေ့စဉ်စားသုံးသင့်ကြောင်း ဆေးသုတေသီ ပညာရှင်များက အကြံပြုထားသည်။ ။

မြန်မာ့အလင်း ပြည်ပသတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄) နှင့် (၅)တွင် ဖော်ပြထားပါသည်။